# ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday 29 March 2018 ၉၂၄၃


# နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်လေ့လာ



ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။

**နေပြည်တော် မတ် ၂၈**

မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ကျင်းပသော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်သမ္မတ ရာထူးနေရာ လစ်လပ်သွားသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့က ရွေးချယ်ပေးသည့် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ တပ်မတော်သား ကိုယ်စားလှယ် အစုအဖွဲ့က ရွေးချယ်ပေးသည့် ဦးမြင့်ဆွေနှင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့က ရွေးချယ်ပေးသည့် ဦးဟင်နရီဗန်ထီးယူတို့အား ဒုတိယသမ္မတများအဖြစ် လည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့သည်။

အဆိုပါ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ လေ့လာသူများအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ(၂)၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာ

**နေပြည်တော် မတ် ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၆၅၆ ဦးရှိသည့်အနက် ၆၃၆ ဦး တက်ရောက်ပြီး ၂၀ ဦး ခွင့်တိုင်ကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအထမြောက်ကြောင်းနှင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ စတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် နိုင်ငံတော်သမ္မတ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

စာမျက်နှာ » ၆

ဝါရှောင်ရေလွှဲဆည်အတွင်း သဲနုန်းဆယ်ယူမှုလုပ်ငန်းပြီးစီးပါက လယ်မြေဧက ၁၁၀၀၀ ကျော်အား ရေပေးဝေနိုင်မည်

စာမျက်နှာ » ၁၆




# သီးနှံအာမခံစနစ်ပေးနိုင်ရေး Global World ကုမ္ပဏီနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တွေ့ဆုံဆွေးနွေး

**မကွေး မတ် ၂၈**

Global World ကုမ္ပဏီမှ သီးနှံအာမခံစမ်းသပ်လုပ်ကိုင်ခွင့်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဇန်နဝါရီ ၃၁ ရက်နေ့ ခွင့်ပြုချက်အရ ရရှိထားပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးတောင်သူများအတွက် ရာသီဥတု၊ သဘာဝဘေး အန္တရာယ်ကြောင့် သီးနှံထွက်နှုန်း လျော့ကျဆုံးရှုံးမှုနှင့် ကြုံတွေ့ရပါက ဖြေလျှော့ပေးနိုင်မည့် သီးနှံအာမခံစနစ်နှင့်ပတ်သက်၍ Global World အာမခံကုမ္ပဏီနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မတ် ၂၆ ရက် နံနက်ပိုင်းက တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။



နိုင်ငံတော်နှင့် တောင်သူလယ်သမားများအတွက် အကျိုးရှိစေမည့် သီးနှံအာမခံအား မြန်မာနိုင်ငံတွင် တစ်ခါမျှ မလုပ်ဖူးသေးသည့်အတွက် နိုင်ငံတကာနည်းတူ စမ်းသပ်ကာလ နှစ်နှစ်သတ်မှတ်ပြီး လုပ်ကိုင်သွားမည်ဖြစ်ရာ စမ်းသပ်ကာလအတွင်း စမ်းသပ်ဧရိယာအဖြစ် သီးနှံအာမခံစနစ်ကို မကွေး၊ မန္တလေး၊ ဧရာဝတီနှင့် ရန်ကုန် စသည့် တိုင်းဒေသကြီး လေးခုတို့တွင် စတင်စမ်းသပ် လုပ်ကိုင်နိုင်ရန်အတွက် ဇန်နဝါရီ ၃၁ ရက်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက် ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

သီးနှံအာမခံစနစ်သည် တစ်ဧကသီးနှံအထွက်နှုန်းပေါ်တွင် အခြေခံ၍ ရာသီဥတုအခြေအနေကြောင့် သီးနှံပျက်စီးမှု၊ အထွက်နှုန်းလျော့ကျမှုရှိပါက လျော့ကျသည့် သီးနှံအရေအတွက်အလိုက် အာမခံလုပ်ငန်းက သတ်မှတ်တန်ဖိုးကို ပေးလျော်သည့်စနစ်ဖြစ်ပြီး သီးနှံအာမခံ စမ်းသပ်ကျင့်သုံးသည့် ကာလတွင် သီးနှံအတွက် ပျမ်းမျှပရီမီယံနှုန်းကို နှစ်ရာခိုင်နှုန်း(သို့မဟုတ်) ၂ ဒသမ ၅ ရာခိုင်နှုန်း သတ်မှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

"ဥပမာ ဒေသအလိုက် စပါးတစ်ဧကပျမ်းမျှထွက်နှုန်း တင်း ၅၀ ကို ကာလပေါက်ဈေးက တစ်တင်း ငွေကျပ် ၄၅၀၀ လို့ဆိုခဲ့ရင် တစ်ဧက တန်ဖိုးက ကျပ် ၂၂၅၀၀၀ ဖြစ်တာကြောင့် ပရီမီယံကြေးက နှစ်ရာခိုင်နှုန်းဖြစ်လို့ တစ်ဧကကို ငွေကျပ် ၄၅၀၀ ပေးသွင်းရမှာဖြစ်ပြီး သီးနှံမစိုက်မီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်ပေးသွင်းရပါမယ်၊ အာမခံသက်တမ်းက တစ်နှစ်ဖြစ်ပြီး အဲဒီတစ်နှစ်အတွင်း လျော်ကြေးတစ်ကြိမ်သာ ခံစားခွင့်ရှိမှာဖြစ်ပါတယ်"ဟု ကုမ္ပဏီဒါရိုက်တာ ဦးစိုးဝင်းသန့်က ပြောသည်။

စမ်းသပ်လုပ်ငန်း အကောင်အထည်ဖော်မည်ဆိုပါက စမ်းသပ်ဧရိယာဒေသအတွက် သီးနှံအာမခံအမျိုးအစားသစ် လုပ်ကိုင်ခြင်းကို အဆိုပြုသော အာမခံကုမ္ပဏီနှင့် မကွေးတိုင်းဒေသကြီး အစိုးရ၊ စိုက်ပျိုးရေးဦးစီးဌာနတို့ဖြင့် နားလည်မှုသဘောတူစာချုပ် ချုပ်ဆိုရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် မြန်မာ့အာမခံလုပ်ငန်း အပါအဝင် အာမခံလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းဌာနပေါင်း ၁၂ ခုရှိသည့်အနက် မြန်မာ့အာမခံမှ လုပ်ငန်း ၂၇ မျိုး၊ ပုဂ္ဂလိကကုမ္ပဏီ ၁၁ ခုမှ အသက်အာမခံအပါအဝင် အထွေထွေအာမခံလုပ်ငန်း ၁၃ မျိုးကိုသာ လုပ်ကိုင်ကြခြင်းဖြစ်ပြီး သီးနှံအာမခံလုပ်ငန်း ပါဝင်မှုမရှိသေးကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

ကြေးမုံ

## ပို့ဆောင်ဆက်သွယ်မှု လွယ်ကူဖွံ့ဖြိုး

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်စီးပွားရေးကောင်းမွန်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်ခြင်းသည် အထူးအရေးကြီးသော ကဏ္ဍဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်ကောင်းမွန်ရန်အတွက် အစိုးရအစဉ်အဆက် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခဲ့ကြသည်မှန်သော်လည်း တစ်နေ့တခြား တိုးပွားလာသော လူ့ဘောင်လောကဖွံ့ဖြိုးမှုများက ပို့ဆောင်ဆက်သွယ်မှုကဏ္ဍအတွက် စိန်ခေါ်မှုအသစ်များ ရှိလာစေခဲ့သည်။

အထူးသဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွင် အရှိန်အဟုန်ဖြင့် အလျင်အမြန် တိုးတက်လာသော စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများမှာ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအတွက် ကြီးမားသော စိန်ခေါ်မှုများဖြစ်လာသည်ကို တွေ့ရသည်။ ရန်ကုန်မြို့သည် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းခရီးများအားလုံး ဆုံစည်းရာ အဓိကအချက်အချာကျသည့်နေရာဖြစ်၍ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်သွယ်ရေးမှအစ အရေးပါသော မြို့တော်ဖြစ်သည်။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ဆက်သွယ်သွားလာရာ၌ ရန်ကုန်မြို့မှသာ အဓိက ဝင်၊ ထွက်သွားလာကြသည်။

ရန်ကုန်မြို့၏ အဓိကပြဿနာမှာ မြို့ပြလူဦးရေထူထပ်လာမှုနှင့်အတူ လမ်းပန်းဆက်သွယ်ရေး ကျပ်တည်းကျဉ်းမြောင်းကာ သွားလာမှု မလွယ်ကူခြင်းဖြစ်သည်။ ထိုအခါ ပြည်သူများအတွက် အချိန်ကြန့်ကြာမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရပြီး နိုင်ငံခြားဧည့်သည်များ ဝင်ထွက်သွားလာမှု၌ အဟန့်အတားဖြစ်စေသည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပ ကုန်စည်ပို့ဆောင်မှုကဏ္ဍများ၌ အခက်အခဲများစွာဖြစ်စေသည်။ ထို့ကြောင့် ယင်းအခက်အခဲများကို နိုင်ငံတော်အစိုးရက ကြိုးစားဖြေရှင်းပေးနေသည်ကို တွေ့ရသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ မတ်လ ၂၆ ရက်နေ့က ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံအခြေခံအဆောက်အအုံ ရန်ပုံငွေတို့ထံမှ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ချေးယူမည့်အစီအစဉ်အား အတည်ပြုပေးခဲ့ပေသည်။ အဆိုပါအစီအစဉ် အကောင်အထည်ဖော်နိုင်ပါက အဓိကကျသည့် ရန်ကုန်မြို့နှင့် ဆက်စပ်သည့် ဆက်သွယ်မှုများ ချောမွေ့လွယ်ကူလာမည် ဖြစ်သည်။

အဆိုပါချေးငွေအစီအစဉ်တွင် ရန်ကုန်-မန္တလေး အမြန်လမ်း၊ ရန်ကုန်မှ ဘောနက်ကြီးအပိုင်း မိုင် ၄၀ အရှည်တို့ပါဝင်ပြီး ၎င်းလမ်းပိုင်းများသည် နောင်ဖြစ်ပေါ်လာမည့် အပြည်ပြည်ဆိုင်ရာ ဟံသာဝတီလေဆိပ်နှင့် ဆက်စပ်အကောင်အထည်ဖော်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် လမ်းတစ်လမ်းဖြစ်သည်။ ရန်ကုန်မြို့တွင်း လမ်းပိုင်းမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းကို ဆက်စပ်အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့လယ်မှ အပြည်ပြည်ဆိုင်ရာဟံသာဝတီလေဆိပ်သို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ရန်အတွက် အဆင်ပြေမည်ဖြစ်သည်။

ချေးငွေအစီအစဉ်တွင် ရန်ကုန်မြို့တွင်းလမ်းပိုင်း ပါဝင်လာသဖြင့် ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို ပြေလည်စေမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်းမှ ရန်ကုန်-မန္တလေးအမြန်လမ်းရှိ ၁၅ မိုင်မှတစ်ဆင့် ဟံသာဝတီလေဆိပ်သို့ ခရီးသွားလာချိန် တစ်နာရီအတွင်း ရောက်ရှိနိုင်မည်ဖြစ်သည်။ ရန်ကုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ရန်ကုန်မြို့၏ မြောက်ဘက်သို့ တိုးချဲ့ရန်လျာထားခြင်း၊ ရန်ကုန်-ဘောနက်ကြီးလမ်းပိုင်းတစ်ဝိုက်တွင် ကိုရီးယားနိုင်ငံမှ စက်မှုဇုန်များနှင့် အစိမ်းရောင်မြို့ပြစီမံကိန်းများ ထူထောင်ရန် လျာထားကြောင်း သိရသည်။ ရန်ကုန်-ဘောနက်ကြီးလမ်းပိုင်းသည် အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခု မလွဲမသွေဖြစ်လာပေမည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အဓိကအချက်အချာကျသော ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင် ဆက်သွယ်သွားလာမှုလွယ်ကူရေးအတွက် ဆောင်ရွက်ပေးမည့်အစီအမံများသည် အစိုးရနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ ကောင်းမွန်သည့် ပုံရိပ်များပင်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၂၈**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၄၀၀၀ | - | ၉၄၄၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၄၀၀၀ | - | ၉၄၄၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၅/၈၁၅ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၂၅/၈၃၀ ကျပ်၊ | ၈၉၀/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၄၀/၈၅၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၅/၇၉၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၇၃၅/၇၄၀ ကျပ်


***၂၀-၃-၂၀၁၈ ရက်နေ့မှ ၂၆-၃-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၄၃ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၇၇ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၇၈ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၉၁ ကျပ် ဖြစ်ပါသည်။***

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၉. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၃၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၈၀၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၉၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၇၄. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃. ၁၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၇. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၂/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်**
**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် )**
**ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က အောက်ပါပုဂ္ဂိုလ်နှစ်ဦးအား ယင်းတို့ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည်-

| | **အမည်** | **အလုပ်အကိုင်** | **ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့် အစုအဖွဲ့** |
|---|---|---|---|
| ၁။ | ဦးမြင့်ဆွေ | ဒုတိယသမ္မတ (၁) | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ |
| ၂။ | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ (၂) | ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ |

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

# နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၁/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်**
**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် )**
**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပစဉ်။



နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးဝင်းမြင့်အား တွေ့ရစဉ်။

**❂ ရှေ့ဖုံးမှ**

ရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတလောင်းများ ဖြစ်ကြသည့် ဒုတိယသမ္မတ သုံးဦးအနက်မှ ဒုတိယသမ္မတ တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအရ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးခြင်းကို မိမိအပါအဝင် နိုင်ငံတော်သမ္မတ ရွေးချယ်ရေးအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ဆန္ဒမဲပေးနည်းနှင့် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန်အတွက် ပြည်ထောင်စုလွှတ်တော် နာယကနှင့် ကိုယ်စားလှယ်များက ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတ ရွေးချယ်ရေးအဖွဲ့ဝင်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများအရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတလောင်း တစ်ဦးချင်းစီရရှိသည့် ဆန္ဒမဲများ စိစစ်ရေတွက်နိုင်ရန် စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်သုံးဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရခိုင်အမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီတို့၏ ရှေ့မှောက်တွင် ထောက်ခံဆန္ဒမဲများကို ရေတွက်ကြသည်။

ထိုသို့ ရေတွက်ရာတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ဦးဝင်းမြင့်က **ထောက်ခံမဲ ၄၀၃ မဲ**၊ တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ဦးမြင့်ဆွေက **ထောက်ခံမဲ ၂၁၁ မဲ**နှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ဦးဟင်နရီဗန်ထီးယူက **ထောက်ခံမဲ ၁၈ မဲ** ရရှိကြပြီး **ပယ်မဲ ၄ မဲ** ရှိသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းနှင့် ထောက်ခံဆန္ဒမဲ ဒုတိယအများဆုံးရရှိသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးမြင့်ဆွေနှင့် ထောက်ခံဆန္ဒမဲ တတိယအများဆုံးရရှိသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးဟင်နရီဗန်ထီးယူတို့အား ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ လေ့လာသူများအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးဈေးကွက်တွင် ကုလားပဲအုပ်စုဝင် ပဲများ လျှောင်သမားများဝယ်ယူမှုကြောင့် အရောင်းသွက်

**မန္တလေး မတ် ၂၈**

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်တွင် ကုလားပဲအုပ်စုဝင်များဖြစ်သော V2, V7 နှင့် ထိုင်ဝမ်ပဲတို့မှာ လှောင်သမားများ ဝယ်ယူနေမှုကြောင့် အရောင်းသွက်လျက်ရှိပြီး အဓိကအားဖြင့် V2 နှင့် ထိုင်ဝမ်ပဲတို့ကို ပိုမိုဝယ်ယူနေကြောင်း သိရသည်။

ယမန်နှစ် သင်္ကြန်အကြိုကာလတွင် V2 ပဲအမျိုးအစားမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းအထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်တွင် မတ် ၂၈ ရက် ပေါက်ဈေးအရ ငွေကျပ် ၇၀၀၀၀ နှုန်းသာ ရှိသော်လည်း လှောင်သမားများမှ သိုလှောင်ရန် ဝယ်ယူနေခြင်းဖြစ်ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“ဒီပဲက ပြည်ပဝယ်လက်မရှိသေးပေမယ့် ငွေကိုင်ထားပြီး စောင့်ကြည့်နေသူတွေက ဒီနှစ်မှာ ဈေးက တစ်ဝက်နီးပါး ကျနေတဲ့အတွက် အခွင့်အခါကိုစောင့်ပြီး ရန်ကုန်တင်မက မန္တလေးက လှောင်သမားတွေပါ နေ့စဉ်ဝယ်ယူသိုလှောင်နေကြတယ်၊ ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ကို တစ်ရက်အိတ်တစ်သောင်းကျော်ဝင်ရောက်နေတယ်”ဟု ၎င်းက ပြောသည်။

လက်ရှိ အခြေအနေမှာ မန္တလေးမြို့၌ ပွဲလမ်းသဘင်၊ အလှူအတန်းရာသီဖြစ်သည့်အတွက် အဆိုပါပဲများ ရောင်းအားကောင်းသဖြင့် ပဲခြမ်းစက်၊ ပဲမှုန့်စက်တို့မှာလည်း စက်အားလုံးနီးပါးလည်ပတ်လျက်ရှိသည်။

အဆိုပါပဲများကို သီတင်းကျွတ်နှင့် တန်ဆောင်မုန်းကာလများတွင် စတင်စိုက်ပျိုးကြပြီး တပို့တွဲလပြည့်ကျော်တွင် ထွက်လေ့ရှိကြောင်းနှင့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် မျှော်လင့်

**ဝါရှင်တန် မတ် ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံရန် မျှော်လင့်လျက်ရှိကြောင်း သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားထားကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံရန် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိနေချိန်တွင် သမ္မတ ထရန့်က အထက်ပါအတိုင်း ရေးသားခဲ့ခြင်းဖြစ်သည်။

အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကို မေလနှောင်းပိုင်းတွင် ကျင်းပရန် စီစဉ်ထားလျက်ရှိကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ်ဒေသတွင် တည်ငြိမ်အေးချမ်းမှုရရှိရန်နှင့် နျူကလီးယားလက်နက်ပပျောက်ရေး ကြိုးပမ်းမှုများသည် ရလဒ်ကောင်းများ ထွက်ပေါ်ခြင်းမရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ကြောင်း သမ္မတ ထရန့်က တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။ သို့သော် ယခုကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးသည် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် အကျိုးကျေးဇူးပြုမည့် အစည်းအဝေးဖြစ်မည်ဟု ၎င်းအနေဖြင့် ယုံကြည်ပါကြောင်း သမ္မတ ထရန့်က ရေးသားခဲ့သည်။ ထို့ပြင် ခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့်လည်း မြောက်ကိုရီးယားပြည်သူများအတွက် မှန်ကန်သည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန် ကောင်းမွန်သော အခွင့်အရေးတစ်ရပ် ရရှိမည်ဖြစ်ကြောင်း သမ္မတ ထရန့်က သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားထားကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က ၎င်းနှင့်မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအတွက် လွန်စွာအကျိုးပြုသည့် အစည်းအဝေးတစ်ရပ်ဖြစ်ခဲ့ပါကြောင်းနှင့် ခေါင်းဆောင်ကင်ဂျုံအန်သည် အမေရိကန်သမ္မတ ထရန့်နှင့် တွေ့ဆုံရန် မျှော်လင့်လျက်ရှိပါကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင် ပေးပို့ခဲ့သော သဝဏ်လွှာကို သမ္မတထရန့်က လက်ခံရရှိခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ပြုံယမ်းအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရန့်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# တရုတ်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ မြို့တော်ပေကျင်း၌ တွေ့ဆုံ

**ပေကျင်း မတ် ၂၈**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် မြို့တော်ပေကျင်း၌ ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနကို ကိုးကားလျက် ကျိုဒိုသတင်းဌာနက မတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်သည် တရုတ်နိုင်ငံ၌ မတ် ၂၅ ရက်မှ ၂၈ ရက်အထိ နေထိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကင်သည် ၂၀၁၂ ခုနှစ် ဧပြီလတွင် မြောက်ကိုရီးယား၏ ထိပ်တန်းခေါင်းဆောင်ဖြစ်လာချိန်နောက်ပိုင်း ပြည်ပသို့ ခရီးသွားလာခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်၌ ယခုနှစ်အတွင်း အပြုသဘောဆောင်သည့် အပြောင်းအလဲများဖြစ်ပေါ်ခဲ့ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို တရုတ်နိုင်ငံက ချီးကျူးကြောင်း သမ္မတရှီက ပြောကြားသည်ဟု သတင်းတွင် ဖော်ပြထားသည်။

**ကျိုဒို။**



# တရုတ်ပြည်တွင်း၌ ပထမဆုံး တည်ဆောက်သည့် လေယာဉ်တင်သင်္ဘော စမ်းသပ်ခုတ်မောင်းရန် အသင့်ဖြစ်ပြီ

**ပေကျင်း မတ် ၂၈**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) ရေတပ်ဖွဲ့တွင် လက်ရှိအသုံးပြုနေသည့် လေယာဉ်တင်သင်္ဘော လျောင်နင်း၏နောက်တွင် ဒုတိယမြောက်လေယာဉ်တင်သင်္ဘောဖြစ်လာမည့် ပုံစံ-၀၀၁ အေဟု အမည်ဝှက်ပေးထားသည့် လေယာဉ်တင်သင်္ဘောကို ပြည်တွင်း၌ တည်ဆောက်ခဲ့ရာ တည်ဆောက်မှုပြီးစီးသွားပြီဖြစ်ကြောင်း၊ ယင်းလေယာဉ်တင်သင်္ဘောတည်ဆောက်မှု အချိန်ကာလ လျင်မြန်ခြင်းသည် ထူးခြားချက်တစ်ရပ်ဖြစ်ပြီး သင်္ဘောတည်ဆောက်မှု အရည်အသွေးမှာလည်း သင်္ဘောအရည်အသွေး ကမ္ဘာ့အဆင့်မီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မည်သည့်ရန်စကျူးကျော်မှုမျိုးကိုမဆို တွန်းလှန်နိုင်ရေးအတွက် တရုတ်နိုင်ငံက ရေတပ်ဖွဲ့အား ခေတ်မီတိုးတက်စေရန် သန္နိဋ္ဌာန်ချထားပြီး နိုင်ငံတွင်း၌ ပထမဆုံး တည်ဆောက်သော လေယာဉ်တင်သင်္ဘောကို ပုံစံ-၀၀၁ အေ အမည်ဝှက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ပြီးစီးသွားသော လေယာဉ်တင်သင်္ဘောကြီးသည် ပင်လယ်ပြင်အတွင်း စမ်းသပ်ခုတ်မောင်းမှုများ ပြုလုပ်ရန် အဆင်သင့်ရှိနေပြီး ယခုနှစ်ကုန်ပိုင်းတွင် တရုတ်ရေတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ပထမဆုံး ပြည်တွင်း၌ တည်ဆောက်မည့် လေယာဉ်တင်သင်္ဘောကို တာ့လျန် သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ (ဒီအက်စ်အိုင်စီ)တွင် တည်ဆောက်ခဲ့ပြီး မကြာသေးမီက ပင်လယ်ပြင်အတွင်း စမ်းသပ်ခုတ်မောင်းရန် ပြင်ဆင်လျက်ရှိသည်။ အဆိုပါ လေယာဉ်တင်သင်္ဘောသစ်သည် လာမည့်ခြောက်လမှ ၁၂ လအတွင်း မည်သည့်ပင်လယ်ပြင်တွင်မဆို စမ်းသပ်ခုတ်မောင်းမည်ဖြစ်သည်။

အဆိုပါလေယာဉ်တင်သင်္ဘောကို ၂၀၁၇ ခုနှစ် ဧပြီ ၂၆ ရက်တွင် ရေချခဲ့ပြီး ယခုနှစ် ဧပြီ ၂၃ ရက်တွင် ပင်လယ်ပြင်၌ စမ်းသပ်ခုတ်မောင်းမည်ဖြစ်သည်။ ဧပြီ ၂၃ ရက်သည် တရုတ်ရေတပ်ဖွဲ့နေ့ဖြစ်သည်။

**ပီတီအိုင်။**

# ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ထုတ်လုပ်ရေးစီမံကိန်း ဆော်ဒီနှင့် ဂျပန်ဆော့ဖ်ဘဏ်တို့ သဘောတူညီ

**ဝါရှင်တန် မတ် ၂၈**

ဆော်ဒီအာရေဗျနိုင်ငံ၌ ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ထုတ်လုပ်ရေး စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယင်းနိုင်ငံနှင့် ဂျပန်နိုင်ငံရှိ ထိပ်တန်းရင်းနှီးမြှုပ်နှံရေးလုပ်ငန်းအုပ်စုကြီးဖြစ်သော ဆော့ဖ်ဘဏ်တို့ မိတ်ဖက်ပြုဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ လျှပ်စစ်ဓာတ်အား ဂီဂါဝပ် ၂၀၀ ထုတ်လုပ်နိုင်မည့် နေစွမ်းအင် စီမံကိန်းအတွက် ဒေါ်လာ ဘီလီယံ ၂၀၀ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းလျှပ်စစ်ဓာတ်အား ပမာဏမှာ နေအိမ်အလုံးပေါင်း သန်း ၁၅၀ အတွက် အလုံအလောက် ဓာတ်အားထောက်ပံ့ပေးနိုင်သော ပမာဏဖြစ်သည်။

ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်သည် အမေရိကန်ခရီးစဉ်အတွင်း နေစွမ်းအင်စီမံကိန်းနှင့်ပတ်သက်၍ ဆော့ဖ်ဘဏ်အမှုဆောင်အရာရှိချုပ် မာဆာယိုရှီဆန်းနှင့် ပဏာမသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ဆော်ဒီနိုင်ငံ၌ အကောင်အထည်ဖော်မည့် နေစွမ်းအင်ထုတ်လုပ်ရေး စီမံကိန်းအရ နိုင်ငံတစ်ဝန်းတွင် နေစွမ်းအင်ထုတ်လုပ်ရေးစခန်းများကို ထူထောင်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းပထမအဆင့်အရ လျှပ်စစ်ဓာတ်အား ၇ ဒသမ ၂ ဂီဂါဝပ် ထုတ်လုပ်မည်ဖြစ်ကြောင်း ဆော့ဖ်ဘဏ်ပြောရေးဆိုခွင့်ရှိသူ မက်သူး နီကိုဆန်က ပြောကြားသည်။

နေစွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းအတွက် တည်ဆောက်ရေးလုပ်ငန်းကို ယခုနှစ်တွင် စတင်မည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်မှစ၍ လုပ်ငန်းလည်ပတ်မှု စတင်နိုင်မည်ဟု မျှော်လင့်ရကြောင်း ၎င်းက ပြောကြားသည်။

ဆော်ဒီအိမ်ရှေ့မင်းသားသည် ၎င်း၏နိုင်ငံအား ရေနံလုပ်ငန်းအပေါ် မှီခိုအားထားနေသော နိုင်ငံအဖြစ်မှ ကဏ္ဍပေါင်းစုံ လုပ်ကိုင်သော စီးပွားရေးတည်ရာနိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**အေအက်ဖ်ပီ။**



# မြန်မာနိုင်ငံ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၈**
မြန်မာနိုင်ငံအမျိုးသားအဆင့်မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုအဖွဲ့ အစည်းအဝေးကို မတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးကို မြန်မာနိုင်ငံ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးစီး၍ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယရဲချုပ်နှင့်ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအဖွဲ့အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ရေးဆွဲထားသည့် မဟာဗျူဟာမူကြမ်းကို ရှင်းလင်းတင်ပြခြင်း၊ အစည်းအဝေး တက်ရောက်လာသော ဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက ဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာ(မူကြမ်း)တွင် မှုခင်းဖြစ်ပွားရသည့်အရင်းခံအကြောင်းတရားများ၊ အကောင်အထည်ဖော်ရာတွင် ပါဝင်ရမည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၊ ရေရှည်ကာလနှင့် လက်တလော အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ပါရှိရာ ဆက်စပ်ဝန်ကြီးဌာနများ၏ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များရယူ၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် မဟာဗျူဟာတစ်ရပ် ပေါ်ပေါက်လာစေရေးအပြီးသတ်မူကြမ်းကို ၂၀၁၈ ခုနှစ် မေလအတွင်း အပြီးရေးဆွဲနိုင်ရေး၊ အဆိုပါ မဟာဗျူဟာ အတည်ပြုပေါ်ပေါက်လာပါက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လုပ်ငန်းစီမံချက်များ အသေးစိတ်ရေးဆွဲ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်တို့နှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက နိဂုံးချုပ်အမှာစကားပြောကြား၍ ညနေ ၄ နာရီခွဲတွင် အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကဏ္ဍာစုံမှ ပါဝင်ပတ်သက်သူများနှင့် အကြံပြုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၈**
နားမကြားသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိပိုင်ခွင့်သေချာစေရေး စီမံကိန်းအတွက် ကဏ္ဍာစုံမှပါဝင်ပတ်သက်သူများနှင့် အကြံပြုအလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လူဦးရေသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူဦးရေ စုစုပေါင်း လေးသန်းခန့်ရှိသည့်အနက် အကြားအာရုံမသန်စွမ်းသူ ၆၇၀၀၀၀ ရှိပြီး စုစုပေါင်းလူဦးရေ ၁ ဒသမ ၃ ရာခိုင်နှုန်းကျော်ဖြစ်သည်ဟု သိရှိရမှု၊ အကြားအာရုံ မသန်စွမ်းသူများသည် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့်အတွက် ၎င်းတို့၏ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် နယ်ပယ်အသီးသီးတွင် အခက်အခဲအများကြီးတွေ့ကြုံကြရမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စီစဉ်ဖွင့်လှစ်ခဲ့သည့် လက်သင်္ကေတပြ ဘာသာစကားသင်တန်းများတွင် ဝန်ထမ်းခြောက်ဦးကို တစ်နှစ်ကြာ တက်ရောက်စေခဲ့မှုနှင့် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်ပြီး နေ့စဉ် ည ၈ နာရီသတင်းတွင် လက်သင်္ကေတဘာသာစကားနှင့် စတင်သတင်းကြေညာနိုင်ခဲ့မှုတို့ကို ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြီးခဲ့သည့် မတ် ၁၅ ရက်က ဤဟိုတယ်၌ ပြုလုပ်ခဲ့သည့် ယနေ့အခမ်းအနားအတွက် အသိပေးမှုမြှင့်တင်ရေး ဆွေးနွေးပွဲတစ်ခုကို မိမိတက်ရောက်ခဲ့ရပါကြောင်း၊ ထိုအခမ်းအနားတွင် တက်ရောက်ခဲ့သည့်ပုဂ္ဂိုလ်များမှတစ်ဆင့် မြန်မာနိုင်ငံရှိ အကြားအာရုံ အားနည်းသူများ၏ လက်သင်္ကေတပြ ဘာသာစကား အသုံးပြုပုံနှင့်ပတ်သက်၍ တွေ့ကြုံနေရသည့် အခက်အခဲများ၊ အဖိုးတန်သော အကြံပြုချက်များကို သိရှိခွင့်ရခဲ့ပါကြောင်း။

Sign Language သည် ၎င်းတို့အတွက် ပထမဆုံးဘာသာစကား (First Language) ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ Yangon Sign Language၊ Mandalay နှင့် Standard Sign Language ဟူ၍ သုံးမျိုးရှိပြီး Sign Language လေ့ကျင့်သင်တန်းကျောင်း သုံးကျောင်းရှိပါကြောင်း၊ စိတ်ဝင်စားရန် အကောင်းဆုံးမှာ တစ်နိုင်ငံလုံး၌ Sign Language တတ်မြောက်ထားသည့် လူဦးရေမှာ ၇၀ ခန့်သာရှိပြီး လူပေါင်း ၆၇၀၀၀၀ ကျော်အနက် ၇၀ ခန့်သာ နားလည်သည့်အတွက် မိမိတို့ အများကြီးကြိုးစားရန် လိုအပ်သည်ဟု ခံစားရပါကြောင်း။

၎င်းတို့၏ အကြံပြုချက်နှင့်ပတ်သက်၍ အနည်းငယ်မျှဝေရမည်ဆိုလျှင် သင်တန်းတွင် သင်ကြားပေးလိုက်သည့် စကားလုံးများသည် ၎င်းတို့အတွက် လုံးဝ မလုံလောက်ကြောင်း၊ ပုံမှန်မဟုတ်သည့် ဖြစ်ရပ်များအတွက် စကားလုံးအသစ်များ တီထွင်ရန်လိုအပ်ကြောင်း၊ Sign Language သင်ယူသူတစ်ဦးသည် စဉ်ဆက်မပြတ် ဆက်လက်လေ့လာရန် လိုအပ်ကြောင်း၊ မီဒီယာနှင့် ပတ်သက်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ မူဝါဒများ ရေးဆွဲရာ၌ "လက်သင်္ကေတပြ ဘာသာစကား" ဆိုသည့်စကားလုံးကို ဖြည့်စွက်ဖော်ပြပေးစေလိုကြောင်း စသည်ဖြင့် ဖြစ်ပါကြောင်း။

ဧည့်သည်တော်များအနေဖြင့် ၎င်းတို့၏ အခက်အခဲနှင့် လိုအပ်ချက်များကို သိရှိပြီး မိမိတို့အနေဖြင့် ၎င်းတို့အတွက် ဘာတွေဆောင်ရွက်ပေးနိုင်မလဲ၊ ဘယ်လိုဆောင်ရွက်ရမလဲဆိုသည်ကို ဆွေးနွေးတိုင်ပင်ကြရမည် ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အကြားအာရုံအားနည်းသူများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်ဆောင်ရွက်နေသော အဖွဲ့အစည်းအားလုံးနှင့် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမည်ဟု အလေးအနက် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အစီအစဉ်ဒါရိုက်တာ ဦးကျော်ကျော်က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး အစီအစဉ် မန်နေဂျာ ဆလိုင်းဒေးဗစ်က Stakeholder များနှင့် ဆောင်ရွက်ခဲ့သော အသိပေးဆွေးနွေးပွဲများ၏ ရလဒ်များနှင့် အကြံပြုချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသောကလေးများကျောင်း (မန္တလေး)မှ ကျောင်းအုပ် ဒေါ်သက်သက်မာစိုးရွှေက အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက် လက်လှမ်းမီစေရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးကျော်မျိုးဝင်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လက်သင်္ကေတဖြင့် သတင်းတင်ဆက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး DVB Multimedia Group မှ Senior Broadcast Journalist ဦးအေးနိုင်က DVB Multimedia Group တွင် လက်သင်္ကေတဖြင့် သတင်းတင်ဆက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အစီအစဉ် ဒါရိုက်တာ ဦးကျော်ကျော်က အကြားအာရုံမသန်စွမ်းသူများ သတင်းအချက်အလက် လက်လှမ်းမီရပိုင်ခွင့် တိုးတက်စေရေးအတွက် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အစီအစဉ်မန်နေဂျာ ဆလိုင်းဒေးဗစ်က တက်ရောက်လာကြသူများ၏ ဆွေးနွေးမှုများနှင့်ပတ်သက်၍ အနှစ်ချုပ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်နားမကြားအသင်း ဥက္ကဋ္ဌ ဦးကျော်ယုက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက နိဂုံးချုပ်စကားပြောကြားခဲ့ကြသည်။

**သတင်းစဉ်**




## အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်နိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၈**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ယနေ့ ရက်စွဲဖြင့် ပေးပို့ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သဝဏ်လွှာတွင် အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အဆွေတော်၏ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူပြည်သားများသည် နိုင်ငံရေးတည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်မှုရှိရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့မှာလည်း ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ပါကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံသည် အစဉ်အလာရှိသော အိမ်နီးချင်းကောင်းမိတ်ဆွေနိုင်ငံများဖြစ်ကြပြီး သမိုင်းကြာရှည်သည့် ပေါက်ဖော်ချစ်ကြည်ရေးကို ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ယခုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များအကြား မကြာခဏ တွေ့ဆုံခဲ့မှုများ၊ ပြည်သူများအကြားတက်ကြွသည့် အပြန်အလှန်ဖလှယ်မှုများရှိခြင်း၊ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လျက်ရှိခြင်း၊ ကဏ္ဍစုံတွင် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းမှုများသည် နှစ်နိုင်ငံပြည်သူများအကြား သိသာထင်ရှားသည့် အကျိုးဖြစ်ထွန်းမှုများ ဖော်ဆောင်နိုင်ခဲ့ပြီး ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ကောင်းမွန်သည့် အကျိုးပြုမှုများ ဖြစ်ထွန်းစေခဲ့ပါကြောင်း၊ မိမိအနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်မှုကို အထူးအလေးထားပါကြောင်းနှင့် ရှိရင်းစွဲ ချစ်ကြည်ရေးခိုင်မာစေရန်နှင့်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းစေရန်၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေး အဆင့်သစ်သို့ တိုးမြှင့်နိုင်ရန်၊ နှစ်နိုင်ငံနှင့် ပြည်သူများ၏အကျိုး ပိုမိုဖြစ်ထွန်းနိုင်ရန် ဆောင်ကြဉ်းနိုင်ရေးအတွက် အဆွေတော်နှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း။

အဆွေတော် ကျန်းမာချမ်းသာပါစေရန်နှင့် အောင်မြင်ပါစေရန် ဆုမွန်ကောင်း ပို့သအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ပြည်သူများ ပျော်ရွှင်ပါစေကြောင်းနှင့် သာယာဝပြောပါစေရန် ဆုတောင်းအပ်ပါကြောင်း ပါရှိသည်။

**သတင်းစဉ်**

# ဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၈**
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့၌ သတ္တမနေ့အဖြစ် လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ပါဠိပထမပြန်စာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ ပထမနေ့အဖြစ် လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၇၉၃ ပါးအနက် ၄၃၈ ပါး ဖြေဆိုကြသဖြင့် ၅၅ ဒသမ ၂၃ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလ) ပထမနေ့ကို စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၅၇၄၉၇ ပါးအနက် ၄၇၇၉၇ ပါး ဖြေဆိုကြပြီး ၈၃ ဒသမ ၁၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ (၂၈-၃-၂၀၁၈)

| | |
|---|---|
| ချောက် | ၄၀ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၀ ဒီဂရီစင်တီဂရိတ် |
| သာယာဝတီ | ၃၉ ဒီဂရီစင်တီဂရိတ် |

# မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၈**
မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (National Sport Seminar) ကို ယနေ့နံနက် ၈ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ သဘာပတိအဖြစ်ဆောင်ရွက်ကြမည့်ပုဂ္ဂိုလ်များ၊ မြန်မာ့အားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အားကစားမှူးများ၊ အားကစားဆပ်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် သမိုင်းဝင်မှတ်တိုင်တစ်ခုသဖွယ်ဖြစ်၍ မြန်မာနိုင်ငံ၏ အားကစားဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတစ်ခုအဖြစ် ခေါ်ဆိုချင်ပါကြောင်း။

တက်ရောက်ဆွေးနွေးကြမည့် စာတမ်းရှင်များနှင့် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ကြမည့်သူများသည် မြန်မာ့အားကစားလောကတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသူများဖြစ်ကြပြီး တက်ရောက်လာသူအားလုံးမှ မြန်မာ့အားကစားလောက တိုးတက်စေရေးအတွက် ဆွေးနွေးရာတွင် အားမနာတမ်း ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ဆွေးနွေးကြစေလိုကြောင်း။

ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အကြံပြုဆွေးနွေးချက်များကို အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်၊ လမ်းစဉ်၊ မဟာဗျူဟာများရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိ လည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်၊ ကောလိပ်များအထိ လည်းကောင်း အားကစားပြိုင်ပွဲများ ပြုလုပ်ပေးပါရန် လွှတ်တော်၌ တင်သွင်းရာ ကိုယ်စားလှယ်ကြီး ၁၄ ဦးက ပါဝင်ဆွေးနွေးပြောကြားခဲ့ပြီး ၎င်းအဆိုအား အတည်ပြုခဲ့ရာ လက်တွေ့ကျပြီး ကောင်းမွန်သည့် အချက်များစွာပါဝင်ခဲ့ပါကြောင်း။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှု (National Fitness) ရရှိနိုင်ရေး၊ အားကစားတွင် အောင်နိုင်မှုများပြန်လည်ရရှိရေး၊ အားကစားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍မရပါကြောင်း။

အဓိကအားဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြားနီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လူမှုရေးဝန်ကြီးများ၊ အားကစားအဖွဲ့ချုပ်အသီးသီးတို့သည် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်၍ ပြည်သူများပါဝင်ရန် အထူးအရေးကြီးပါကြောင်း။

အထူးသဖြင့် မြန်မာတစ်နိုင်ငံလုံး အခြေခံကျောင်း ၄၀၀၀၀ ကျော်ရှိပြီး ကျောင်းသား ကျောင်းသူဦးရေ ၈ ဒသမ ၇ သန်း ကျော်ခန့်ရှိပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် အားကစားကို ပုံမှန်ပါဝင်ဆောင်ရွက်ပါက တစ်နိုင်ငံလုံးရှိ ပြည်သူအများစု ကျန်းမာသန်စွမ်းသော မျိုးဆက်သစ်ပြည်သူများ ဖြစ်လာမည့်အပြင် ထူးချွန်ထက်မြက်သော လူငယ်အားကစားသမားများလည်း ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း။

ယခု ဆွေးနွေးပွဲမှရရှိလာသောရလဒ်များကို မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ၊ အချိန်အခါ၊ လူ့စွမ်းအားအရင်းအမြစ်၊ စိတ်ဝင်စားမှုနှင့် ကြိုးစားမှုတို့အပေါ်မူတည်၍ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားသည် တစ်ခုနှင့်တစ်ခု အထောက်အကူပြုပြီး ဆက်စပ်လျက်ရှိပါကြောင်း၊ အဆိုပါနှစ်ရပ်ကို တစ်ပြိုင်တည်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ကျန်းမာရေးနှင့် အားကစား တွဲဖက်၍ အောင်မြင်မှုရရှိနေသော နိုင်ငံများ၏ အားကစားမဟာဗျူဟာများကိုလည်းလေ့လာ၍ မိမိနိုင်ငံနှင့်ကိုက်ညီမည့် အချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

အားကစားလုပ်ဆောင်ရာတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လူမှုရေးဝန်ကြီးများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျပါကြောင်း၊ မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကိုလည်း ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုပါကြောင်း။

မကြာခင်က ပြုလုပ်ခဲ့သော Exercise is Medicine ဆွေးနွေးပွဲမှ အချက်အလက်များကိုလည်း အကောင်အထည်ဖော်ပေးပါရန် အားလုံးကို အထူးတိုက်တွန်းလိုပါကြောင်း၊ အားကစားတွင် အောင်မြင်မှုရရှိရန် အားကစားအဖွဲ့ချုပ်များ၏ ပံ့ပိုးမှုများမှာလည်း အလွန်အဓိကကျပါကြောင်း။

ယခုအခါ တက္ကသိုလ်ပညာရေး၌ B.Sc (Sport) သင်တန်းကို ထည့်သွင်းထားရှိ၍ အားကစားကို သိပ္ပံနည်းကျလေ့ကျင့်ခြင်း၊ ပြိုင်ပွဲဝင်ခြင်း၊ နိုင်ငံတကာနည်းတူဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အားကစားနှင့် ကာယပညာသိပ္ပံကျောင်းခြောက်ကျောင်းကို ဖွင့်လှစ်ပညာသင်ကြားလျက်ရှိပြီး လူငယ်များ၏ပညာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် အားကစားအဖွဲ့ချုပ်များမှ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ကြစေလိုကြောင်း။

တစ်နိုင်ငံလုံး ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်နိုင်ရေးအတွက် Outdoor Fitness များကို မြို့နယ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် တပ်ဆင်ပေးလျက်ရှိပါကြောင်း၊ မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကိုလည်း ယခုထက်ပိုမို စနစ်တကျဖြစ်စေရန် ဆောင်ရွက်စေလိုကြောင်း။

အားကစားနှင့်ပတ်သက်သော လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာသုတေသနများကို ပိုမိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မကြာမီအချိန်တွင် အခြေခံကျောင်းများ၌ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းကို လေ့ကျင့်သင်ကြားပေး၍ ကျောင်းသားများ၏ ကျန်းမာရေးနှင့် အားကစားတွင် စိတ်ပါဝင်စားမှု မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တစ်ချိန်က မြန်မာ့အားကစားရွှေခေတ်ကာလ၌ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အခြေခံကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် အားကစားပြိုင်ပွဲများကို အဆင့်ဆင့်ပုံမှန်ကျင်းပခဲ့ပြီး ထူးချွန်ထက်မြက်သော လူငယ်မျိုးဆက်သစ်အားကစားသမားများကို စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့်ခဲ့ရာမှ မြန်မာ့အားကစားလောက ရွှေခေတ်သို့ ရောက်ရှိခဲ့ပါကြောင်း။

ယခုအခါ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် အချိန်အခါဖြစ်ပါကြောင်း၊ အခြေခံကျောင်းများတွင်လည်း ကာယအချိန်များ၌ အားကစားလှုပ်ရှားမှုအချိန်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် ကာယဆရာများကို အခြေခံကျောင်းများတွင် လုံလုံလောက်လောက်ခန့်ထားနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အားကစားသိပ္ပံကျောင်းများမှ ထွက်ပေါ်လာသော လူငယ်မျိုးဆက်သစ်အားကစားသမားများ၊ B.Sc (Sport) တက္ကသိုလ်ကျောင်းများမှ လူငယ်များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားများကို ကာယဆရာများအဖြစ် ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လူငယ်များ အားကစားကို တိုးတက်ဖွံ့ဖြိုးလာအောင် ကြိုးစားဆောင်ရွက်ရာတွင် လူငယ်များ၏ အခြေခံပညာရေး ပြီးဆုံးအောင် သင်ကြားတတ်မြောက်ထားမှုသည်လည်း အထူးလိုအပ်ပါကြောင်း။

ယခုဆွေးနွေးပွဲတွင် ရရှိလာသော အကြံပြုဆွေးနွေးချက်များကိုလည်း အမြန်ဆုံး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့အားကစားလောကရှိ အားကစားသမား အားလုံးသည် မိမိတို့လက်ရှိရရှိနေသော အောင်မြင်မှုများကို ရောင့်ရဲတင်းတိမ်မနေဘဲ ပိုမိုတိုးတက်အောင် ကြိုးစားပြီး Professional အဆင့်ကို ရောက်ရှိအောင် ကြိုးစားပြီး အောင်မြင်မှုကို ရေရှည်တည်တံ့ခိုင်မာမှုရရှိအောင် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နံနက်ပိုင်းသဘာပတိအဖြစ် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးသောင်းထိုက်က ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ စာတမ်းရှင်များဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဒင်က အားကစားခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျွမ်းကျင်သူ ဒေါက်တာမြလေးစိန်က အားကစားသိပ္ပံနှင့်အားကစားဆေးပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးစိုးဝင်းက ပြည်သူတစ်ရပ်လုံးအားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး(Mass Sport) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးကျော်ခင်က နည်းပြဆရာကောင်း တစ်ဦး၏ ဦးဆောင်မှုအခန်းကဏ္ဍခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ နံနက်ပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းဆွေးနွေးပွဲကိုကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး စာတမ်းရှင်များအဖြစ် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ဦးတင်အောင်က အားကစားသမားနှင့် နည်းပြဆရာများ၏ စွမ်းရည်တိုးတက်ရေး အစီအစဉ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးရဲထွဋ်တင်က အားကစားနှင့်ပညာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးဇော်ဝင်းက အားကစားနှင့်ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က မြန်မာနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ ပထမနေ့ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အနာဂတ်ပန်းတို့ လန်းစေချင်

## ပန်းတောင်းသန်းကြွယ်



မှတ်မှတ်ရရ ထိုနေ့မှာ မတ်လ ၁၃ ရက်နေ့ဖြစ်သည်။ နံနက် ၈ နာရီခန့်မှစ၍ ဓမ္မနီတိဓမ္မာရုံ၌ လူစည်ကားနေပြီဖြစ်၏။ ယဉ်ကျေးလိမ္မာသင်တန်းသား သင်တန်းသူကလေးများ၊ မိဘများ၊ အုပ်ထိန်းသူများ၊ ဆရာ ဆရာမများနှင့် ဓမ္မာရုံလူကြီးများဖြင့် ဓမ္မာရုံခန်းမကြီးမှာ ပရိသတ်တို့ ပြည့်နေပြီဖြစ်၏။

မြောက်ဒဂုံမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းကို (၄၇)ရပ်ကွက်ရှိ ဓမ္မနီတိဓမ္မာရုံ၌ မတ်လ ၅ ရက်နေ့မှစတင် သင်ကြားပို့ချပေးခဲ့၏။ ငွေလှုရတနာ အဘိဓမ္မာသင်တန်းမှ ဆရာ ဆရာမများက ဦးစီးပို့ချပေးခြင်းဖြစ်၏။ ယနေ့ကား ပိတ်ပွဲနေ့ဖြစ်၏။ ကိုးရက်တိုင် သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်၏။

နံနက် ၉ နာရီကျော်ခန့်တွင် မျှော်လင့်စောင့်ဆိုင်းနေသော ငွေလှုရတနာ အဘိဓမ္မာသင်တန်းမှ သင်တန်းမှူး ဆရာမကြီး ရောက်ရှိလာ၏။ အသီးသီးနေရာယူကြကာ မကြာမီအခမ်းအနား စတင်လေသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဓမ္မာရုံဥက္ကဋ္ဌ၊ သင်တန်းမှူး ဆရာမကြီးတို့က အသီးသီးအမှာစကားများ ပြောကြားကြ၏။ မုဒိတာစကားများ မြွက်ကြားကြ၏။ သင်တန်းဖြစ်မြောက်ရေးအတွက် ပါဝင်လုပ်အားပေးကြသူများ၊ အလှူရှင်များ၊ ဝေယျာဝစ္စကုသိုလ်ရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ဂုဏ်ပြုခြင်း၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်း၊ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုအသီးသီးရရှိခဲ့ကြသော သင်တန်းသားများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ခြင်းတို့ကို အစဉ်အတိုင်း ကျင်းပခဲ့ရာ အလွန်ကြည်နူးဖွယ်ကောင်းသော အခမ်းအနားတစ်ခုပင်ဖြစ်ပေတော့သည်။

သင်တန်းသား ကလေးသူငယ်၊ လူငယ်များတက်ကြွရွှင်လန်းနေသကဲ့သို့ ယင်းတို့၏ မိဘအုပ်ထိန်းသူများမှာလည်း ရွှင်လန်းတက်ကြွနေကြသည်။ ဆရာ ဆရာမများ၊ ဓမ္မာရုံလူကြီးများ၊ ဝေယျာဝစ္စကုသိုလ်ရှင်များ၊ အလှူရှင်များအားလုံးပင် ရွှင်လန်းတက်ကြွနေကြ၏။ ယဉ်ကျေးလိမ္မာသင်တန်းပိတ်ပွဲ အခမ်းအနားကြီးသည် တက်ကြွကြည်နူးဖွယ် မြင်ကွင်းအဖုံဖုံဖြင့် အောင်မြင်စွာ ပြီးဆုံးသွားလေသည်။

မြန်မာ့သမိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးသည် ယဉ်ကျေးလိမ္မာခဲ့ကြ၏။ ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသူများပီပီ လိမ္မာယဉ်ကျေးခဲ့ကြ၏။ သို့သော် မျက်မှောက်ကာလတွင် အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးကြောင့် ယဉ်ကျေးလိမ္မာခြင်း လျော့ကျသွား၏။ လူကြီးမိဘများနှင့် ဆက်ဆံခြင်း၊ ရဟန်းသံဃာများနှင့် ဆက်ဆံခြင်း၊ ဆရာသမားများနှင့် ဆက်ဆံခြင်း၊ မိတ်ဆွေအပေါင်းအသင်း ဆက်ဆံခြင်း၊ အကျိုးတူစီးပွားဖက်ဆက်ဆံခြင်း စသည် စသည်တို့၌ လိမ္မာယဉ်ကျေးခြင်းများ လျော့ကျသွားခဲ့၏။ ကိုယ်အမူအရာ၊ နှုတ်ထွက်စကားများ ကြမ်းတမ်းလာ၏။ ပေါ့ပျက်လာ၏။ စိတ်နေစိတ်ထားများ ယိုယွင်းလာ၏။

ကျောင်းသင်ခန်းစာများတွင် ပြည်သူ့နီတိသင်ကြားမှု ပျောက်ကွယ်သွားခြင်း၊ လောကသာရပျို့ကဲ့သို့သော ဆုံးမစကားစာပေများ သင်ကြားမှုပျောက်ကွယ်သွားခြင်း၊ နိုင်ငံတော်၏ စီးပွားရေး တစ်စတစ်စ ကျဆင်းသွားခြင်း၊ ပညာရေးစနစ်ကျဆင်းသွားခြင်း စသောအကြောင်းအရင်းများကြောင့် ဖြစ်နိုင်ကြောင်း ပညာရှင်များက သုံးသပ်ပြောဆိုကြသည်။ ထိုအခြေအနေများမှ လွတ်မြောက်နိုင်အောင် ရဟန်း၊ ပညာရှိ၊ လူပညာရှိများက တွေးတောကြံဆ၍ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးလ်သင်တန်းများကို အားတက်သရောဖွင့်လှစ်ပို့ချလာကြခြင်းဖြစ်၏။ လူသာခုခေါ်၊ နတ်သာခုခေါ် သင့်လျော်လျောက်ပတ်သည့်ကြံဆကြိုးပမ်းချက်များဖြစ်၍ စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ကြသည်မှာ များစွာကျေနပ်အားရဖွယ် ဖြစ်ပေသည်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဖြစ်ကာ အနာဂတ်တွင် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ကြရမည့် ကလေးလူငယ်များအား ယဉ်ကျေးလိမ္မာအောင် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းကြိုးပမ်းနေကြသူများ၏ စေတနာ၊ မေတ္တာကား အထူးပင်ကြည်ညိုလေးစားဖွယ်ကောင်းလှပေသည်။

အနာဂတ်ပန်းကလေးများအားလုံး လန်းဆန်းကြပါစေ။ ။

# ရိုးမြောင်းရေထွက်ပြွန်ပေါက် အသစ်ချဲ့ပေးသဖြင့် စပါးစိုက်ခင်းများ ရေနစ်မြုပ်ခြင်းမှ ကင်းဝေးသွားပြီဖြစ်

**ကျောက်ဆည် မတ် ၂၈**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများသည် အနော်ရထာမင်းကြီး လက်ထက်မှစပြီး ဆန်စပါးကို ဆည်ရေသောက်စနစ်ဖြင့် စနစ်တကျ အဓိကစိုက်ပျိုးသီးနှံအဖြစ် စိုက်ပျိုးခဲ့ကြရာ ယနေ့အချိန်အခါအထိဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးအတွက် အဓိကထားသုံးစွဲလျက်ရှိသော မြောင်းများကို ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရက မြောင်းများ ကောင်းမွန်ရေးဆောင်ရွက်ပေးခဲ့သော်လည်း အချို့နေရာများတွင် အကြောင်းအမျိုးမျိုးကြောင့် ရေထွက်မကောင်းသည့် ရိုးများရှိနေသေးပြီး ရိုးများဘေးရှိ စပါးစိုက်ခင်းများသည် မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုများနှင့် ကြုံတွေ့ရလျက်ရှိရာ မင်းရဲမြောင်းဆိုင်ရာ သင်တောင်းလက်တံမြောင်း၊ ဘိုးဘေးရိုးနှင့် ရွှေလေးရိုးဘေးရှိ စပါးစိုက်တောင်သူများလည်း အပါအဝင် ဖြစ်နေကြောင်း သိရှိရသည်။

ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၄၃ သန်းဖြင့် ရိုးဘေးရှိ စပါးစိုက်ခင်းများ ရေနစ်မြုပ်မှု ကင်းဝေးစေရေးအတွက် သင်တောင်းလက်တံမြောင်း၊ ဘိုးဘေးရိုးနှင့်ရွှေလေးရိုးတို့ တွေ့ဆုံဖြတ်သန်းသည့် ရေထွက်ပြွန်ပေါက်အား အသစ်ပြုလုပ်တိုးချဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ ယခင်က အဆိုပါရေထွက်ပြွန်သည် အကျယ်ငါးပေနှင့် အမြင့် ၁ ဒသမ ၅ ပေရှိ ရေထွက်ပေါက်နှစ်ပေါက်သာရှိပြီး ယခုအခါ အကျယ်ငါးပေနှင့် အမြင့်သုံးပေရှိ ရေထွက်ပေါက် သုံးပေါက်အသစ်ပြုလုပ်ပေးခြင်းဖြင့် ရေထွက်ကောင်းမွန်ပြီး နှစ်စဉ်ရေကြီးနစ်မြုပ်မှုခံနေရသည့် စပါးစိုက်ဧက ၃၀၀ ခန့်မှာ ရေကြီးနစ်မြုပ်မှု ကင်းဝေးသွားတော့မည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်ခဲ့သည့်လုပ်ငန်းသုံး တိုင်းဒေသကြီး ခွင့်ပြုငွေများသည် ပြည်သူ့ဘဏ္ဍာငွေများဖြစ်သဖြင့် ပြည်သူများက ဝိုင်းဝန်း စောင့်ရှောက်ခြင်းဖြင့် ပြင်ဆင်စရိတ်များ နည်းပါးကာ ပြည်သူ့ဘဏ္ဍာငွေဆုံးရှုံးမှုများလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်မည်

**ရန်ကုန် မတ် ၂၈**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်) ရေကူးအသံလွှင့်စက်ရုံ (ဝေဇယန္တာလမ်း အမှတ်(၈)ရပ်ကွက် မရမ်းကုန်းမြို့နယ်)သည် ဧက ၁၀၀ ကျော် ကျယ်ဝန်းပြီး မြက်ပင်၊ ကိုင်းပင်များထူထပ်စွာ ပေါက်ရောက်နေသဖြင့် သဘာဝကြောင့်လည်းကောင်း၊ လူ့ပယောဂကြောင့်လည်းကောင်း အချိန်မရွေး မီးဘေးအန္တရာယ်ကျရောက်နိုင်သည်။

ရေကူးအသံလွှင့်စက်ရုံမှ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို နေ့စဉ်နံနက် ၅ နာရီခွဲမှ ည ၁၁ နာရီခွဲအထိ အဆက်မပြတ် ထုတ်လွှင့်လျက်ရှိသည်။ မီးဘေးအန္တရာယ်ကျရောက်ပါက နိုင်ငံပိုင်စက်ပစ္စည်းနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးနိုင်သည့်အပြင် ရေဒီယိုအစီအစဉ် ထုတ်လွှင့်နေမှုလည်း ပြတ်တောက်နိုင်သည်။

သို့ဖြစ်ရာ စက်ရုံဝင်းအတွင်းရှိ ကိုင်းပင်၊ မြက်ပင်ခြောက်များကို ရန်ကုန်တိုင်းဒေသကြီး တိုင်းမီးသတ်ဦးစီးဌာန၏ အကူအညီ၊ အကြံပြုချက်များဖြင့် စနစ်တကျ မီးကြိုရှို့ခြင်းနည်းလမ်းအား အသုံးပြု၍ မီးဘေးအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်နိုင်ရေးဆောင်ရွက်မည်ဖြစ်သည်။ စက်ရုံဝင်းအတွင်း အကျယ်ပေ ၃၀ ရှိ မီးတားလမ်းများပတ်လည်ဖောက်လုပ်ခြင်းကို ကြိုတင်ဆောင်ရွက်ပြီးဖြစ်၍ မီးကြိုရှို့ခြင်းကို မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နံနက် ၇ နာရီခွဲမှ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ စက်ရုံအဆောက်အအုံနှင့် ပြင်ပရပ်ကွက်များသို့ မီးမကူးစက်စေရေးအတွက် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ခြောက်စီးနှင့် မီးသတ်ဝန်ထမ်းအင်အား ၄၀၊ ရေကူးစက်ရုံဝန်ထမ်းအင်အား ၃၅ ဦး၊ လုံခြုံရေး ၁၁ ဦးတို့ဖြင့် အနီးကပ်စောင့်ကြပ်၍ ဧရိယာအပိုင်းအလိုက် မီးကြိုရှို့ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ဆွေးနွေး

**တာချီလိတ် မတ် ၂၈**

တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းများပိုမိုအောင်မြင်စေရေးအတွက် မတ် ၂၈ ရက် နံနက် ၁၀ နာရီက အောင်မြတ်ခန်းမ၌ ခရိုင်/မြို့နယ်/ကျေးရွာ မြစိမ်းရောင်ကော်မတီများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က မြစိမ်းရောင်စီမံကိန်း၏ ရည်ရွယ်ချက်များသည် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင် အခွင့်အလမ်းများဖြစ်ပေါ်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူ့အဖွဲ့အစည်းများပေါ်ပေါက်လာစေရန် စသည့်ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြစ်သောကြောင့် ကျေးရွာစီမံကိန်း ကော်မတီဝင်များအနေဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်စေရေး စေတနာထား လုပ်ဆောင်သွားကြရန် ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဇော်မိုးက စီမံကိန်းလုပ်ငန်းများ အောင်မြင်သည့်အတွက် နှစ်စဉ်တိုးချဲ့ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာစီမံကိန်းကော်မတီဝင်များက ကျေးရွာအလိုက်ဆောင်ရွက်ထားရှိသော လုပ်ငန်းများနှင့်တွေ့ကြုံခဲ့သည့် လုပ်ငန်းအားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် ကျေးရွာများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✰ (၁၇)ကြိမ်မြောက်မှ
တစ်ဆက်တစ်စပ်တည်း အစည်းအဝေးများဖြစ်ကြသည့် တတိယအကြိမ် အမှုဆောင်အဖွဲ့အစည်းအဝေး (3rd Executive Board Meeting) နှင့် (၂၆) ကြိမ်မြောက် အာရှနှင့်ပစိဖိတ်ဒေသ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများ ညီလာခံ (The Conference of Directors of National Libraries in Asia and Oceania - CDNLAO ) တို့ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ်မြောက် ကျင်းပပြုလုပ်သည့် ညှိနှိုင်း အစည်းအဝေး ဖြစ်ပါကြောင်း။

**ဆောင်ရွက်ပြီးစီး**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၁/၂၀၁၇) ဖြင့် ဦးစီးကော်မတီကို ဒုတိယသမ္မတ ဦးဆောင်၍ ၁၃ ဦးဖြင့်လည်းကောင်း၊ လုပ်ငန်းကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်၍ ၁၃ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့အတူ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်(၄)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီ ၁၅ ခုကို ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဦးစီးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ၁၈ ချက်ကို ချမှတ်ခဲ့ရာ အစည်းအဝေး ဆုံးဖြတ်ချက်အားလုံးနီးပါး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီဟု သိရှိရပါကြောင်း၊ ယခု ဒုတိယအကြိမ် အစည်းအဝေးတွင် ဆွေးနွေးပြီးပါက လုပ်ငန်းများအပြီးသတ် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**အကျိုးကျေးဇူး**

ညီလာခံအကြိုအစီအစဉ်အဖြစ် စတုတ္ထအကြိမ်မြောက် အာဆီယံဒေသတွင်း ကျောင်းစာကြည့်တိုက်များ၏ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ကျင်းပမည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေပြီဖြစ်၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် မိမိနိုင်ငံအတွက် အကျိုးကျေးဇူး ရရှိနိုင်မည် ဖြစ်ပါကြောင်း။

ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၅ ခုတို့အနေဖြင့် ညီလာခံဖွင့်ပွဲ၊ ပိတ်ပွဲ၊ စာတမ်းဖတ်ပွဲများနှင့် အစီအစဉ်အားလုံးကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် အားနည်းချက်မရှိအောင် အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ စာတမ်းဖတ်ပွဲအတွက် စာတမ်းစုစုပေါင်း ၂၂၉ စောင် လက်ခံရရှိခဲ့ပြီး ၉၄ စောင် စိစစ်ရွေးချယ်ခဲ့သည်ဟုလည်း သိရှိရပါကြောင်း၊ တင်သွင်းလာသည့် စာတမ်းများကို အချိန်ယူ အပင်ပန်းခံပြီး စိစစ်ပေးခဲ့ကြသည့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ ဆရာကြီး၊ ဆရာမကြီးများကိုလည်း အထူးကျေးဇူးတင်ပါကြောင်း၊ အဆိုပါ စာတမ်းများသည် အလွန်အကျိုးကျေးဇူးရှိစေမည့် စာတမ်းများဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယခုကျင်းပမည့် ညီလာခံသည် အာဆီယံ ၁၀ နိုင်ငံတွင် နှစ်နှစ်လျှင် တစ်ကြိမ်စီ ကျင်းပရခြင်းဖြစ်သည့်အတွက် နှောင်နှစ်ပေါင်း ၂၀ ရောက်ရှိမှသာ မိမိတို့နိုင်ငံအလှည့် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် ကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြမည့် နိုင်ငံတကာမှ ပညာရှင်များကို မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ပြသနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကိုယ်တိုင်သိမြင်ခံစားနိုင်စေမည်ဖြစ်သည့်အတွက် အဘက်ဘက်မှ လစ်ဟာမှုမရှိအောင် သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ပွင့်ပွင့်လင်းလင်း**

နိုင်ငံတော်က တာဝန်ယူကျင်းပမည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံနှင့် တစ်ဆက်တစ်စပ်တည်း အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကလည်း မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ အသေးစိတ်ညှိနှိုင်းဆွေးနွေးခြင်းများနှင့် လုပ်ငန်းများ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဆောင်ရွက်နေကြသည်ကိုလည်း သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ထို့အပြင် ယနေ့အစည်းအဝေးတွင်လည်း သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြရင်း လုပ်ငန်းလိုအပ်ချက် အခက်အခဲရှိပါကလည်း ပွင့်ပွင့်လင်းလင်း တင်ပြကြရန် ပြောကြားသည်။

**စီစဉ်ဆောင်ရွက်**

ထို့နောက် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံးက ဦးစီးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးသန်းအောင်က စာတမ်းစိစစ်ရေးနှင့် ဆွေးနွေးပွဲကျင်းပရေး ဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံးက ဘဏ္ဍာရေးဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က စည်းရုံးလှုံ့ဆော်ရေးနှင့် သတင်းပြန်ကြားရေး ဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်က ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြခန်းနှင့် အမှတ်တရပစ္စည်းများ ခင်းကျင်းရောင်းချရေးဆပ်ကော်မတီဆိုင်ရာများကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးဟန်မျိုးအောင်က ရန်ပုံငွေရှာဖွေရေးဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်အောင်နိုင်သူက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ကျန်းမာရေးဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးညွှန့်ဝင်းက ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီဆိုင်ရာများကို လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက စေတနာ့ဝန်ထမ်းဆိုင်ရာ ဆပ်ကော်မတီ ကိစ္စရပ်များကိုလည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီနှင့် အတွင်းရေးမှူးရုံးအဖွဲ့ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဝေလွင်မြင့်က လုပ်ငန်းစိစစ်ရေးဆပ်ကော်မတီဆိုင်ရာများကိုလည်းကောင်း သက်ဆိုင်ရာဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဦးသန့်စင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသိမ်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

❍ ကျောဖုံးမှ
ကချင်ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင်ထိုက်က ပြောသည်။

မြန်မာနိုင်ငံ၏ လျှင်ဇုန်များပြမြေပုံတွင် အဆင့်(၁) အားနည်းဇုန် (I)၊ အဆင့်(၂)အားလတ်ဇုန် (II)၊ အဆင့်၃ အားပြင်းဇုန် (III)၊ အဆင့်(၄) ပြင်းထန်ဇုန်(VI)၊ အဆင့်(၅) ပျက်စီးမှုများဇုန်(V) စသည်ဖြင့် အဆင့်သတ်မှတ်ချက်များနှင့် နှိုင်းယှဉ်သတ်မှတ်ထားရာတွင် မြစ်ကြီးနားမြို့သည် အဆင့်(၅)ပျက်စီးမှုများဇုန်(V)တွင် ပါဝင်ကြောင်း သိရသည်။

> **“ ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် လျှင်ကြီးများကို လေ့လာရာတွင် စစ်ကိုင်းပြတ်ရွေ့ကြောတွင်ရှိသည့် မြို့များတွင် လျှင်လှုပ်ခတ်မှု အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပြီး လူဦးရေထူထပ်သည့် နေရာများဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး စသည့်မြို့များလည်း ပါဝင် ”**

မြန်မာနိုင်ငံတွင် အကြီးဆုံးလျှင်တိုင်းတာသည့် CEA (China Earthquake Angency)နှင့် ပူးပေါင်းတည်ဆောက်ထားသည့် စက်သည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မိုင်းနားကျေးရွာရှိ မင်းထင်တောင် (ဒေသအခေါ်တရုတ်တောင်)ပေါ်တွင်ရှိကာ ထိုတောင်ပေါ်ရှိ စက်များမှတစ်ဆင့် ပြင်းအားတိုင်းတာသည့် ရစ်ချ်တာစကေးများကို လျှင်လှုပ်ခတ်ပြီး နှစ်မိနစ်အကြာတွင် နေပြည်တော်၊ ရန်ကုန်နှင့် တရုတ်နိုင်ငံများ၏ လျှင်တိုင်းတာသည့် စက်များတွင် သိရှိနိုင်ကြောင်း သိရသည်။

မြေငလျှင်လှုပ်လာပါက အဆောက်အအုံ၏ အပြင်ဘက်သို့ထွက်ကာ အဆောက်အအုံနှင့်ဝေးသည့် ကွင်းပြင်တွင် ဦးခေါင်းအားလက်နှစ်ဖက်နှင့်အုပ်၍ မှောက်ပြီးဝပ်နေရန်၊ အိမ်ထဲတွင် ရှိနေပါက အကာအကွယ်ဖြစ်မည့်နေရာ ဥပမာ-စားပွဲအောက်သို့ ဝင်နေခြင်း၊ အထပ်မြင့်ဖြစ်ပါက အပေါ်ထပ်မှ ခုန်ချခြင်းမပြုဘဲ အကာအကွယ်ဖြစ်မည့်နေရာများတွင် နေသင့်ကြောင်း အသိပညာပေးအချက်များ ထုတ်ပြန်ထားသည့်အပြင် မြေငလျှင်လှုပ်ခတ်ပြီးပါက နောက်ဆက်တွဲ ဘေးအန္တရာယ်အဖြစ် မီးလောင်ခြင်းနှင့် ရေကြီးခြင်းများ ဖြစ်ပေါ်တတ်ကြောင်း၊ ကျန်းမာရေးဌာနမှလည်း အသိပညာပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

မြစ်ကြီးနားမြို့တွင် ကချင်ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မတ် ၂၄ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း ပထမဆုံးအကြိမ် ငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အသိပညာပေးခြင်း၊ ငလျင်လှုပ်နေစဉ်နှင့် ငလျင်လှုပ်ပြီးပါက ဆောင်ရန်ရှောင်ရန်များကို ဟောပြောခြင်း၊ ငလျင်နှင့်ပတ်သက်သည့် ကောလာဟလ သတင်းမှားများကို မယုံကြည်ကြရန် ကြိုတင်သတိပေးမှုများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကချင်ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ NGO အဖွဲ့အစည်းများဖြစ်သည့် OXFAM၊ UNHCR၊ WEP၊ Unicef၊ OCHA၊ PLAN၊ UNDP၊ World Vision စသည့်အဖွဲ့များမှ ပူးပေါင်း၍ လက်တွေ့သရုပ်ပြသခြင်းများ၊ ပညာပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ငလျင်ကြီးများကို လေ့လာရာတွင် စစ်ကိုင်းပြတ်ရွေ့ကြောတွင်ရှိသည့် မြို့များ၌ ငလျင်လှုပ်ခတ်မှု အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပြီး လူဦးရေထူထပ်သည့် နေရာများဖြစ်သော နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး စသည့် မြို့များလည်း ပါဝင်ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် သဘာဝဘေးအန္တရာယ်ကြောင့် ၂၀၁၇ ခုနှစ်အတွင်း မြို့နယ် ၂၂၈ မြို့နယ်မှ ၃၂ ဦး သေဆုံးခဲ့ပြီး ငါးသောင်းကျော်ခန့် ဘေးဒုက္ခခံစားခဲ့ရကာ ၂၀၁၆ ခုနှစ်တွင် မြို့နယ် ၅၉ မြို့နယ်မှ ၄၄ ဦး သေဆုံးခဲ့ပြီး တစ်သိန်းခွဲခန့် ဘေးဒုက္ခခံစားခဲ့ရကြောင်း သိရသည်။ **မင်းမင်းဦး**




## အကယ်ဒမီ စန္ဒရားဦးတင်ဝင်းလှိုင်၏ ပြောကြားချက်များနှင့်ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် မတ် ၂၈**
၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားတွင် အကယ်ဒမီ စန္ဒရားဦးတင်ဝင်းလှိုင်၏ ပြောကြားချက်များနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို-A ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အကယ်ဒမီ စန္ဒရားဦးတင်ဝင်းလှိုင်၏ ပြောကြားချက်များနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ အသိပေးကြေညာချက်နှင့် စန္ဒရားတင်ဝင်းလှိုင်သို့ အိတ်ဖွင့်ပေးစာတစ်စောင်ကို မတ် ၂၆ ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပတ်သက်၍ အဓိကထား ပြောကြားထားသည့်အတွက် ပြည်သူများ မှန်ကန်စွာ သိရှိနိုင်ရန် ယနေ့ စာနယ်ဇင်းရှင်းလင်းပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာများက မေးမြန်းချက်များကို ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြား၍ စွပ်စွဲချက်ပါ RCA ဓာတ်ပြားဖွင့်စက်၊ တိပ်ခွေဖွင့်စက်များကို လက်တွေ့အသံဖွင့်ပြခြင်း၊ ဓာတ်ပြားနှင့် တိပ်ခွေများ နမူနာများကို လက်တွေ့ရှင်းလင်းပြသခြင်းများ ဆောင်ရွက်ခဲ့သည်။ **သတင်းစဉ်**



## တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ Mr. Edmund Ho Hau Wah နှင့် အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် မတ် ၂၈**

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ၊ မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅နာရီခွဲတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ၊ မကာအို အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်းနှင့်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**သတင်းစဉ်**

## သူ့ငွေးကုန်း-ကင်းရွာ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မတ် ၂၇ ရက် နံနက်ပိုင်းတွင် ဘုရားကြီး-ညောင်လေးပင်လမ်းအပိုင်း လေးလမ်းသွား တိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ညောင်လေးပင်-ဇေယျဝတီလမ်းအပိုင်း လေးလမ်းသွား တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သူ့ငွေးကုန်း - ကင်းရွာ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် လမ်းစခန်းရှင်းလင်းဆောင်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက သူ့ငွေးကုန်း-ကင်းရွာကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်း လေးမိုင်၊ ကျောက်လမ်း ခြောက်မိုင်နှင့် ကွန်ကရစ်လမ်း ခြောက်မိုင်ကျော် ခင်းနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသပြည်သူများ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ကျေးလက်လမ်းများကောင်းမွန်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ တစ်နေရာမှ တစ်နေရာသို့ သွားလာရေးလွယ်ကူ အဆင်ပြေမည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများလည်း မြန်ဆန်လာမည်ဖြစ်ပါကြောင်း သူ့ငွေးကုန်း-ကင်းရွာလမ်း အမြန်ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန် မှာကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့ကို အဓိကထားပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ သူ့ငွေးကုန်း - ကင်းရွာလမ်း ပြီးစီးသွားပါက အဆိုပါလမ်းကို အသုံးပြုသည့် ကျေးရွာပေါင်း ၂၉ ရွာမှ ဒေသခံပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေပြီး စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးများ အဘက်ဘက်မှ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သတိပေးနှိုးဆော်ချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ရေပက်ခံထွက်ကြသည့် ပစ်ကပ်ယာဉ်များသည် သတ်မှတ် ဝန်အလေးချိန်ထက် လူဦးရေတင်ဆောင်မောင်းနှင်ကြသဖြင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မတော်တဆမှုများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပစ်ကပ်ယာဉ်များ (လိုက်ထရပ်၊ မီနီပစ်ကပ်)အနေဖြင့် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်၍ မောင်းနှင်ခြင်းမပြုကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကျင်းပ

**တောင်ကြီး မတ် ၂၈**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ သစ်တောရပ်ကွက် အိမ်တော်လမ်းရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၆ ခု မေးမြန်းခြင်းနှင့် အဆို နှစ်ခု တင်သွင်းခြင်း၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြသည့် မေးခွန်းများကို သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၈ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းထားခြင်းမရှိသောကြောင့် လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီ ဦးခွန်ဒီဂေါလ်က ပြန်လည်စိစစ်တင်ပြပြီး ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်က ထောက်ခံဆွေးနွေးပြီး ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ၎င်းဥပဒေ(မူကြမ်း)အား လွှတ်တော်တွင် အတည်ပြုပေးနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေ(မူကြမ်း)ကို အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးက "ရွာငံမြို့နယ် မြို့ကြီးကျေးရွာအုပ်စု၊ ကွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာ အုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်" အဆိုကို ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုး၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဒေါ်မေရီချို့ တို့က ထောက်ခံဆွေးနွေးပြီး အဆိုနှင့် ပတ်သက်၍ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ၎င်းအဆိုကို လွှတ်တော်တွင်အတည်ပြုပေးနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်က "ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေးအတွက်" အဆိုကို မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေတို့က ထောက်ခံဆွေးနွေးပြီး အဆိုနှင့်ပတ်သက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ၎င်းအဆိုကို လွှတ်တော်တွင် အတည်ပြုပေးနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်း ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် တိုင်ကြားစာများ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ရှမ်းပြည်နယ် လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားကိုက ဖတ်ကြားတင်ပြပြီး ၎င်းအစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကကြေညာပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ရပ်နားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဇီဝိတဒါန ငါးလွှတ်နိုင်ရန် ငါးသားပေါက်များရောင်းချပေးမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့နှစ်ဆန်း (၁) ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုနိုင်ကြပါရန် သက်သာသော ဈေးနှုန်းဖြင့် ငါးကျည်း၊ ရွှေဝါငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် တီလားပီးယားငါးသားပေါက် (၁ လက်မမှ ၄လက်မ) အရွယ်အစားများကို မြန်မာ့နှစ်ဆန်း(၁)ရက်နေ့တွင် အောက်ပါနေရာများ၌ ရောင်းချပေးသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| နေပြည်တော် | - | ရေဆင်းငါးလုပ်ငန်းစခန်း |
| ရန်ကုန်မြို့ | - | ရွှေတိဂုံစေတီတော်၊ သွေးဆေးကန်၊ ကမ္ဘာအေးကုန်းမြေ၊ မင်္ဂလာကန်တော်ကြီး၊ စွယ်တော်မြတ်စေတီတော်၊ သာခုကန်ဘုရား |
| ပဲခူးမြို့ | - | ရွှေသာလျောင်းဘုရားကြီး၊ လိပ်ပြာကန် |
| ဟင်္သာတမြို့ | - | ဦးပါရဲဘုရား |
| ပုသိမ်မြို့ | - | မြို့တော်ခန်းမရှေ့၊ကမ်းနားလမ်း၊ပုသိမ် |
| ဇန်းမော်မြို့ | - | ဇန်းမော်ငါးလုပ်ငန်းစခန်း |
| ဝိုင်းမော်မြို့ | - | လပ်ကီးရေဆိပ်၊ ဧရာဝတီမြစ် |
| ရွှေဘိုမြို့ | - | ရွှေဘိုငါးလုပ်ငန်းစခန်း |

၂။ ကြိုတင်မှာယူလိုသူများသည် အောက်ပါငါးလုပ်ငန်းစခန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ရေဆင်းငါးလုပ်ငန်းစခန်း (နေပြည်တော်) | - | ဖုန်း ၀၉-၂၅၀၂၀၇၇၃၇ |
| လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း (ရန်ကုန်) | - | ဖုန်း ၀၉-၄၀၀၄၄၄၅၀၅ |
| လှော်ကားငါးလုပ်ငန်းစခန်း (ရန်ကုန်) | - | ဖုန်း ၀၉-၂၅၄၄၈၅၇၉၈ |
| ပဲခူးငါးလုပ်ငန်းစခန်း | - | ဖုန်း ၀၉-၂၅၀၀၆၆၃၆၃ |
| သနပ်ပင်ငါးလုပ်ငန်းစခန်း | - | ဖုန်း ၀၉-၄၂၈၃၃၉၁၀၄ |
| ဟင်္သာတငါးလုပ်ငန်းစခန်း | - | ဖုန်း ၀၉-၇၈၀၅၉၃၀၉၁ |
| ပုသိမ်ငါးလုပ်ငန်းစခန်း | - | ဖုန်း ၀၉-၄၀၂၅၀၆၃၅၁ |
| ဇန်းမော်ငါးလုပ်ငန်းစခန်း | - | ဖုန်း ၀၉-၂၅၈၆၈၂၈၅၁ |
| ဝိုင်းမော်ငါးလုပ်ငန်းစခန်း | - | ဖုန်း ၀၉-၄၀၀၀၅၀၈၇၈ |
| ရွှေဘိုငါးလုပ်ငန်းစခန်း | - | ဖုန်း ၀၉-၇၉၄၉၀၄၉၉၁ |

၃။ အဆိုပါဇီဝိတဒါန ငါးလွှတ်ကြရာတွင် ဤဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၁ ဖြင့် တားမြစ်ထုတ်ပြန်ထားသော အာဖရိကငါးခူသားပေါက်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ဘေးမဲ့လွှတ်ခြင်းများ မပြုလုပ်ကြရန် နှိုးဆော်အပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့်ရှုံး/ထွက်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့်ရှုံး/ထွက်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ GV Athletic အသင်း၊ RDZ အသင်း၊ ရွှေမြဝတီအသင်းနှင့် VUC အသင်း ကွာတားဖိုင်နယ် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဒုတိယအဆင့် ရှုံး/ထွက်ပွဲများတွင် GV Athletic အသင်းက ရွှေခရမ်းအသင်းကို ၁၀ ဂိုး- တစ်ဂိုး၊ RDZ အသင်းက Winner အသင်းကို ခြောက်ဂိုး-ငါးဂိုး၊ ရွှေမြဝတီအသင်းက Zombie အသင်းကို ခုနစ်ဂိုး-လေးဂိုး၊ VUC အသင်းက UPT အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒုတိယအဆင့် ရှုံး/ထွက် နောက်ဆုံးနေ့ ပွဲစဉ်များကို မတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး MIC အသင်းနှင့် MIC Legend အသင်း၊ Bo 1000 အသင်းနှင့် UM အသင်း၊ Titans XII အသင်းနှင့် Dala United အသင်း၊ Comrade အသင်းနှင့် Best Friend အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မုံရွာလေယာဉ်ကွင်းတိုးချဲ့ရာတွင် ပါဝင်သွားသော မြေယာပိုင်တောင်သူများအား လျော်ကြေးငွေများ ပေးအပ်

**မုံရွာ မတ် ၂၈**


မုံရွာလေဆိပ် ခဝဲကျင်းအရှေ့ကွင်းနှင့် သစ်စိမ့်ပင်အရှေ့ကွင်းတို့မှ တောင်သူ ၂၆ ဦး၏ ယာမြေ ၆၃ ဒသမ ၆၃ ဧကအတွက် မြေယာလျော်ကြေးငွေကျပ် ၁၂၇၂၆၀၀၀၀ ပေးအပ်ပွဲကို မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရုံးတွင် ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်ပေးအပ်ခဲ့သည်။

"မြေယာလျော်ကြေးငွေတွေကို နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကနေ ပေးတာဖြစ်တဲ့အတွက် ပိုင်ဆိုင်မှု အထောက်အထားတွေကို စနစ်တကျ စိစစ်ရတာဖြစ်ပါတယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မုံရွာလေဆိပ်အတွက် လေယာဉ်ကွင်းတိုးချဲ့ရာမှာ ပါသွားတဲ့ တောင်သူတွေရဲ့ မြေယာကွက်တွေကို သတ်မှတ်နှုန်းထားနဲ့အညီ မြေယာလျော်ကြေးတွေကို ပေးအပ်တာဖြစ်ပါတယ်၊ အခုပေးချေတဲ့ မြေယာလျော်ကြေးနှုန်းထားတွေကို ကာလတန်ဖိုး စိစစ်ရေးအဖွဲ့က လုပ်ထုံးလုပ်နည်းတွေနဲ့အညီ စိစစ်သတ်မှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

လျော်ကြေးငွေ ပေးအပ်ပွဲတွင် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများက မြေပိုင်ရှင်တောင်သူ ၂၆ ဦးကို လျော်ကြေးငွေများ ပေးအပ်ကာ လျော်ကြေးငွေရရသည့် တောင်သူများကိုယ်စား မြေပိုင်ရှင်တောင်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

မုံရွာလေယာဉ်ကွင်း တိုးချဲ့ရာတွင် ပါဝင်သွားသော မြေယာများနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး လျော်ကြေးပေးချေရေးကော်မတီက ပိုင်ဆိုင်မှု အထောက်အထားများကို စိစစ်မှုအရ ကွင်းအမှတ်(၃၂၄-က) ခဝဲကျင်းအရှေ့ကွင်းနှင့် ကွင်းအမှတ်(၂၄၅)သစ်စိမ့်ပင်အရှေ့ကွင်းတို့မှ တောင်သူ ၂၆ ဦး၏ စုစုပေါင်းမြေဧက ၆၃ ဒသမ ၆၃ ဧက ပါဝင်သွားခဲ့ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် မြေယာလျော်ကြေးငွေများ ပေးအပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး၌ ပါဠိပထမပြန်စာမေးပွဲ ဖြေဆို

**ရန်ကုန် မတ် ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၈ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီမှစတင်၍ဖြေဆိုတော်မူကြရာ အင်းစိန်စာဖြေဌာနဖြစ်သည့် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး အပေါ်ထပ်၊ အောက်ထပ်များ၌ ပထမကြီး၊ ပထမလတ်တန်းအတွက် ဒွေမာတိကာဘာသာ၊ ပထမငယ်တန်းအတွက် ဘိက္ခုပါတိမောက်နှင့် အခြေပြုမူလတန်းအတွက် ဝိနည်းဘာသာရပ်တို့တွင် သံဃာ ၈၇၆ ပါး၊ လူပုဂ္ဂိုလ်အမျိုးသားတစ်ဦး၊ သီလရှင်ဆရာလေး ၇၉ ပါး၊ လူပုဂ္ဂိုလ်အမျိုးသမီးသုံးဦး စုစုပေါင်း ၉၅၉ ပါး စာရင်းရှိထဲမှ သံဃာ ၇၃၃ ပါး၊ လူပုဂ္ဂိုလ်အမျိုးသားတစ်ဦး၊ သီလရှင်ဆရာလေး ၆၃ ပါး၊ လူပုဂ္ဂိုလ်အမျိုးသမီးနှစ်ဦး စုစုပေါင်း ၇၉၉ ပါး ဖြေဆိုခဲ့ကြပြီး (၈၃ ဒသမ ၃၁) ရာခိုင်နှုန်းဖြစ်ကြောင်း အဆိုပါစာဖြေဌာနမှ သိရသည်။

ပါဠိပထမပြန်စာမေးပွဲဖြေဆိုရာသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ဥက္ကဋ္ဌဆရာတော်၊ အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်သာသနာရေးမှူးများက ကြီးကြပ်ဆောင်ရွက်တော်မူကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်ထွေ/အုပ် ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများက ပထမပြန်စာမေးပွဲကိစ္စများ ဖြေဆိုပြီးသည်အချိန်ထိ လုပ်ကိုင်ဆောင်ရွက်ကြပြီး စာဖြေသံဃာတော်များ၊ သီလရှင်ဆရာလေးများအား အအေးဘူးများ ဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# စာမူခများထုတ်ယူနိုင်

ကြေးမုံသတင်းစာတွင် နေ့စဉ်ဖော်ပြပါရှိသော သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထု စာမူတို့အတွက် စာမူခချီးမြှင့်ငွေများကို သတင်းစာတွင် ဖော်ပြပါရှိပြီး နောက်ရက်များတွင် စာမူရှင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၅၂ လမ်းထောင့်၊ အမှတ်(၇၇) ကြေးမုံသတင်းစာတိုက်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။ စာမူများပေးပို့ရာတွင် အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များပါ ထည့်သွင်းရေးသားပေးပါရန်နှင့် လူကိုယ်တိုင်မလာရောက်နိုင်သူများအား သတင်းစာတိုက်မှ ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**စာတည်းအဖွဲ့**

# လူထုကျန်းမာရေး လှုပ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် နယ်မြေ(၁၄)အတွင်းရှိ မြို့ပတ်လမ်းနှင့်မြို့ပတ်လမ်းသွယ်တို့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အင်းစိန်မြို့နယ်ကြက်ခြေနီအသင်းခွဲမှဦးဆောင်၍ ခရိုင်/မြို့နယ်၊ စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူများ စုစုပေါင်း ၁၀၀ ကျော်တို့က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် လူထုကျန်းမာရေးလှုပ်ရှားမှု လုပ်ငန်းများကို မတ် ၂၇ ရက် နံနက် ၇ နာရီတွင် ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေအိမ်များနှင့် ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများနှင့် လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများအတွင်း မိုးတွင်းအချိန်ရေကြီး၊ ရေလျှံမှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်ဆယ်ယူခြင်း၊ နုန်းများ၊ အမှိုက်များ ဆယ်ယူခြင်း၊ ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

**ကြေးမုံ**

# တိုင်းရင်းဆေးပညာအကြောင်း ဟောပြောဆွေးနွေးမည်

**ရန်ကုန် မတ် ၂၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးရုံကြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဝဲ၊ ယားနာနှင့် တိုင်းရင်းဆေးပညာ အကြောင်းကို ဦးဆန်းလင်း(တိုင်းရင်းဆေးမှူး)က စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ ဆရာမများ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# ဘရာဇီးလက်ရွေးစင် ကစားသမားဟောင်း အက်ဒ်မီဆင် မြန်မာကလေးငယ်များအား သင်ကြားပေး

**ရန်ကုန် မတ် ၂၈**

၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ချန်ပီယံ ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း အက်ဒ်မီဆင်သည် ယနေ့နံနက်ပိုင်းတွင် သုဝဏ္ဏမြက်ခင်းတု၌ မြန်မာကလေးငယ်များအား ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးခဲ့သည်။ အက်ဒ်မီဆင်သည် ဘောလုံးသင်တန်း ပထမနေ့တွင် ကလေးငယ် ၈၀ အား သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

အက်ဒ်မီဆင်သည် လူငယ်ဘောလုံးသမား ၁၆၀ အား လေ့ကျင့်သင်ကြားပေးနေပြီး ယနေ့တွင် ကစားသမား ၈၀ အား သင်ကြားပေးခဲ့သည်။ တက်ရောက်သင်ကြားသည့် ကလေးငယ်အရေအတွက် များပြားသောကြောင့် နှစ်ရက်ခွဲ၍ သင်ကြားပေးနေပြီး ယနေ့နံနက်ပိုင်းတွင် နှစ်ချိန်ခွဲ၍ သင်ကြားပေးခဲ့ကြောင်း သိရသည်။

အက်ဒ်မီဆင်သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသမီးကစားသမားများအား သင်ကြားပေးခဲ့ပြီး ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးကာ နှစ်သင်းခွဲ၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေခဲ့သည်။ အက်ဒ်မီဆင်သည် မတ် ၂၉ ရက် နံနက်ပိုင်းတွင်လည်း လူငယ်ကစားသမားများအား ဆက်လက်သင်ကြားပေးမည်ဖြစ်ပြီး ညနေပိုင်းတွင် ၎င်းကိုင်တွယ်မည့် လူငယ်အသင်းနှင့် MFF U-13 လူငယ်အသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အက်ဒ်မီဆင်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အထိ ဘရာဇီးလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့ပြီး ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ချန်ပီယံဆုရယူရာတွင် ပါဝင်ခဲ့သည်။

ထို့ပြင် နာမည်ကြီးကလပ် အသင်းများဖြစ်သည့် ဘာစီလိုနာ၊ လိုင်ယွန်၊ ဆာပေါ်လို၊ ဗီလာရီးယဲလ် စသည့် ကလပ်အသင်းများတွင် ပါဝင်ကစားခဲ့ဖူးကြောင်း သိရသည်။ အက်ဒ်မီဆင်သည် ယခုနှစ်လယ်ပိုင်းတွင် မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ကာ လူငယ်ဘောလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ထားကြောင်း သိရသည်။



ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း အက်ဒ်မီဆင် မြန်မာလူငယ်များအား လေ့ကျင့်သင်ကြားပေးနေစဉ်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# KBZ Bank Women' League ပြိုင်ပွဲ

## အားကစားနှင့်ကာယပညာဦးစီးဌာနအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ စတင်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းက နိုင်ပွဲရယူခဲ့သည်။

**အားကစားနှင့်ကာယပညာဦးစီးဌာနအသင်း - ခြောက်ဂိုး**
**YREO - တစ်ဂိုး**

အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းသည် ခြောက်ပွဲမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး YREO အသင်းကို နှစ်ကျော့စလုံးအနိုင်ရခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် တိုက်စစ်မှူး ရီရီဦး၏ သွင်းဂိုး လေးဂိုးအပါအဝင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။

အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို ၆၊ ၁၅၊ ၇၁၊ ၈၄ မိနစ်တွင် ရီရီဦးက တစ်ဦးတည်းလေးဂိုးသွင်းယူခဲ့ပြီး ရှစ်မိနစ်တွင် ခင်မာလာထွန်း၊ ၅၂ မိနစ်တွင် ကေဇင်မြင့်က သွင်းယူခဲ့သည်။ YREO အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၃၀ တွင် မေသွေးကိုက သွင်းယူခဲ့သည်။

ဒုတိယနေ့ကို မတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ဂန္ဓမာအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



# ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ကူညီထောက်ပံ့ပေးရန် မောင်တောဒေသသို့ ဂျာမန်အဖွဲ့အစည်း လာရောက်လေ့လာ

**မောင်တော မတ် ၂၈**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ပညာရေးနှင့်ကျန်းမာရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးရန် ဂျာမနီနိုင်ငံ Stiftunglife မှ Mr. JzirgenGessner နှင့် စီမံကိန်းမန်နေဂျာ ကိုမင်းမင်းထွန်းတို့သည် ဘူးသီးတောင်၊ မောင်တောမြို့ပေါ်တို့ရှိ ဆေးရုံများနှင့် စာသင်ကျောင်းများအား လာရောက်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် မောင်တောခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းနှင့်တွေ့ဆုံစဉ် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းလုပ်ဆောင်နေမှုအပေါ် မေးမြန်းဆွေးနွေးပြီး လိုက်ဖ်ဖောင်ဒေးရှင်းမှ ကူညီထောက်ပံ့ပေးနိုင်မည့် အခြေအနေများအား ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မောင်တောပြည်သူ့ဆေးရုံကြီးရှိ လူနာဆောင်များ၊ သားဖွားခန်းများနှင့် ပြင်ပလူနာဌာနများသို့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ရပ်မိရပ်ဖများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် ရခိုင်တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အခြေခံပညာရေးစနစ်၊ အခြေခံကျန်းမာရေးစနစ်၊ မောင်တောဒေသအခြေအနေများကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ ဂျာမန်ဖောင်ဒေးရှင်းအဖွဲ့သည် မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့်အတူ မောင်တောမြို့နယ် စေတီပြင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပြီး ကျောင်းအဆောက်အအုံများ တည်ဆောက်ထားမှု၊ စာသင်ခန်း၊ စာသင်ခုံနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများကို အသေးစိတ်လိုက်လံကြည့်ရှုကာ ကျေးရွာအုပ်ချုပ်ရေးမှူးများအား သိရှိလိုသည်များကို မေးမြန်းသည်။

စေတီပြင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူဦးရေ ၁၀၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျောင်းအဆောက်အအုံလိုအပ်ချက်များ ရှိနေသောကြောင့် ဂျာမန်ဖောင်ဒေးရှင်းအနေဖြင့် ကူညီထောက်ပံ့ပေးနိုင်ရေး ရပ်မိရပ်ဖများနှင့် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မောင်တောမြို့ပေါ်ရှိ မြို့မြောက်ရပ်ကွက် အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းအဆောက်အအုံများ တည်ဆောက်ထားမှုနှင့် စာသင်ခန်းများဖွဲ့စည်းထားမှုကို သွားရောက်ကြည့်ရှုခဲ့ပြီး ဘူးသီးတောင်မြို့နယ်ရှိ ဆေးရုံဆေးခန်းများနှင့် စာသင်ကျောင်းများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံလိုက်ဖ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံရှိ ပုဂံ၊ ညောင်ဦး၊ ပခုက္ကူနှင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများတွင် စာသင်ဆောင်များ ဆောက်လုပ်ပေးခြင်း၊ ကျောင်းဆောင်သစ်များနှင့် မူကြိုကျောင်းများဆောက်လုပ်လိုသည့်ကျေးရွာများအား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**

ရှောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့
ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
(ဟင်္သာတမြို့)
က လေး စာ ပေ ပြ ပွဲ နှင့် စာ အုပ် ဈေး ရောင်း ပွဲ
၂၀၁၈ ခုနှစ်၊ မတ်လ (၃၀ ၊ ၃၁) သောကြာ၊ စနေ
နေ့စဉ်နံနက် (၉) နာရီမှ ညနေ (၅) နာရီထိ
အ.ထ.က (၃)
ဟင်္သာတမြို့
မည်သူမဆိုလွတ်လပ်စွာ လာရောက်လေ့လာနိုင်ပါသည်

# ရှင်ပြုအလှူတော်မင်္ဂလာကို ဆင်စီးပြီးမြင်းရံ၍ ရှေးမူရှေးဟန်မပျက် လှည့်လည်

**တပ်ကုန်း မတ် ၂၈**

နေပြည်တော် တပ်ကုန်းမြို့တွင် ဗုဒ္ဓနွယ်ဝင်အလှူရှင်များသည် မိမိတို့၏ရင်နှစ်သည်းချာ သား သမီးများနှင့် တူသားများအား မြတ်ဗုဒ္ဓ၏ အဆုံးအမများဖြင့် ဘဝတစ်သက်တာအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရေး ရည်မှန်းလျှုဒါန်းသည့် ဓလေ့ရှိသည်နှင့်အညီ ဆရာစံရပ်ကွက်အတွင်းရှိ အလှူတော်မင်္ဂလာပွဲသည် မတ် ၂၇ ရက် ညနေပိုင်းက အလှူတော်မင်္ဂလာမဏ္ဍပ်မှ မဟာဇနက္ကာဘုန်းတော်ကြီးကျောင်း မြို့တွင်း ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက်၌ ဝေဿန္တရာဝင်း၊ ပုဂံဝင်း၊ ရာဇာဝင်းခင်းခြင်း၊ ရတနာဆင်တော်နှင့် ရတနာမြင်းများခြံရံကာ ရှင်လောင်း(ခေါ်)သာမဏေလောင်းများ တင်ဆောင်ခြင်းနှင့်အတူ နိုင်ငံကျော် အဆိုတော် မနောအဖွဲ့များဖြင့် အလှူဝတ်ဆံလှည့်လည်၍ ခြိမ့်ခြိမ့်သဲကျင်းပသည်။

အလှူပွဲများတွင် အလှူရှင်များအနေဖြင့် သာသနာ့ဘောင်သို့မဝင်မီ မြို့အနှံ့ရှင်လောင်းလှည့်ကာ နတ်နန်းသို့ ဆက်လက်သွားရောက်၍ အန္တရာယ်ကင်းစေကြောင်း အပ်နှံကြပြီး အလှူပွဲအကြိုရက်များနှင့် အလှူပွဲကြီးရက်အထိ ကျွေးမွေးဧည့်ခံကြသည်။ ထိုသို့ ရှေးမူမပျက် ရှင်လောင်းလှည့်လည်ခြင်း၊ နားသခြင်းသည် ရှေးဟောင်းအမွေအနှစ်တစ်ခုကို ယနေ့လူငယ်လူရွယ်များ ဆက်လက်သယ်ဆောင်သွားရန် ရည်ရွယ်ဆောင်ရွက်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# ကော့ကရိတ်မြို့တွင် ပထမအကြိမ် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကော့ကရိတ် မတ် ၂၈**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ပထမအကြိမ် ပြည်သူ့စကားဝိုင်း "Public Talk" ဆွေးနွေးပွဲကို "လူငယ်နှင့် မူးယစ်ဆေး"ခေါင်းစဉ်ဖြင့် မတ် ၂၈ ရက် နံနက် ၁၀ နာရီက ကော့ကရိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်/ဆက်ဦးစီးအရာရှိက မိမိတို့ဒေသတွင်း လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်စေရေးနှင့် ရောင်းဝယ်ဖောက်ကားမှု ကင်းစင်ပပျောက်သွားသည်အထိ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူ့စကားဝိုင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စကားဝိုင်း ဆောင်ရွက်ခြင်းသည် ပြည်သူနှင့်အစိုးရ ဆွေးနွေးတိုင်ပင်သော အလေ့အထကောင်းများဖြစ်လာစေရန်၊ ပြည်သူများ အတွေးအခေါ်မြင့်မားလာစေရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များက ပြည်သူများ သိသင့်သည့်အချက်အလက်များကို တစ်ထိုင်တည်း မျှဝေပေးနိုင်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အမှတ်(၃၂) မူးယစ်တပ်ဖွဲ့စုမှ ဒုတိယရဲမှူး မင်းထွဋ်က မူးယစ်တပ်ဖွဲ့၏ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဥပဒေပုဒ်မများဖြင့် လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မြမြစိုးက ဖေဖော်ဝါရီ ၁၄ ရက်တွင် မူးယစ်ဆေးဥပဒေပြင်ဆင်ချက်၌ ပါရှိသည့် သုံးစွဲသူအား ထောင်ချခြင်းမှပယ်ဖျက်ပြီး အပြုသဘောဖြင့် ပြုပြင်နိုင်ရန် ဆေးဝါးကုသပေးခြင်း၊ မူးယစ်ဆေးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်စေခြင်း၊ လူမှုရေးပြစ်ဒဏ်ပေးခြင်း၊ ပုဒ်မ(၁၆)အရ မူးယစ်ဆေး လက်ဝယ်ထားရှိမှုနှင့်ပတ်သက်၍ ပြစ်မှုနှင့်ပြစ်ဒဏ်များကို လည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဝင်းချိုချိုအောင်က မူးယစ်ဆေးနှင့် ပတ်သက်သည့် ဆေးဝါးများအန္တရာယ်အကြောင်းကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကိုခိုင်က မိမိတို့ဒေသတွင်း မူးယစ်ဆေးသုံးစွဲသူများ၊ ရောင်းဝယ်သူများကို သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးစေလိုကြောင်း၊ ဒေသတွင်း မူးယစ်ဆေးလုံးဝကင်းစင်ပပျောက်သွားရန် ပြည်သူလူထုက ပူးပေါင်းပါဝင်စေလိုကြောင်း၊ ဥပဒေပြုရေးအပိုင်းနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လွှတ်တော်တွင် တင်ပြဆွေးနွေးပေးနိုင်ကြောင်း၊ မူးယစ်ဆေးနှင့်ပတ်သက်၍ ကာကွယ်တားဆီးရေးလုပ်ငန်းသာမက အသိပညာပေးလုပ်ငန်းကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်ကြရန်ကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးက ပြည်သူလူထုအနေဖြင့် မိမိနယ်မြေအတွင်း မူးယစ်ဆေးသုံးစွဲသည်၊ ရောင်းဝယ်သည်ဟု သံသယရှိပါက သံသယရှိသူအား စောင့်ကြည့်လေ့လာရန်နှင့် သက်ဆိုင်ရာသို့ သတင်းပေးနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးနှင့်ပတ်သက်၍ ကျော်စောသတင်းရှိသူများအား ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ စောင့်ကြည့်လေ့လာပြီး သက်ဆိုင်ရာသို့သတင်းပေးပို့ပါက တာဝန်ရှိသူများအနေဖြင့် လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။



ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စန္ဒာဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းနှင့် အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်လူရွယ်များနှင့် စိတ်ပါဝင်စားသည့် ဒေသခံပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

## မိတ္ထီလာတွင် သက်တမ်းလွန်ဆေးဝါးနှင့် တရားမဝင်ဆေးဝါးများ ပထမဆုံးအကြိမ် မီးရှို့ဖျက်ဆီး

**မိတ္ထီလာ မတ် ၂၈**

မိတ္ထီလာတွင် ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနက ဦးဆောင်၍ ၂၀၁၇ ခုနှစ် မေလမှစတင်ပြီး ဆေးဆိုင်များမှ သိမ်းဆည်းရမိသည့် သက်တမ်းလွန်ဆေးဝါးနှင့် တရားမဝင်ဆေးဝါးများကို မတ် ၂၈ ရက် နံနက် ၉ နာရီတွင် မြင်တော်ကန် သုသာန်အနီးရှိ ကွင်းပြင်၌ ပထမဆုံးအကြိမ် မီးရှို့ဖျက်ဆီးခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

"မှတ်ပုံတင်ထားခြင်းမရှိတဲ့ တရားမဝင်ဆေးဝါးတွေ၊ သက်တမ်းလွန်ဆေးဝါးတွေကို ပထမဆုံးအကြိမ် မီးရှို့ဖျက်ဆီးတာပါ၊ မြို့နယ်အတွင်းက ဆေးဆိုင်ပေါင်း ၃၉ ဆိုင်ကနေ သိမ်းဆည်းရမိခဲ့တဲ့ သက်တမ်းလွန်ဆေးဝါး ၄၈၃ မျိုး၊ တရားမဝင်ဆေးဝါး၄၃ မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈ သိန်းကျော်ခန့်ရှိပါတယ်" ဟု ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာကျော်သန်းရွှေက ပြောသည်။

အဆိုပါ တရားမဝင်ဆေးဝါးနှင့် သက်တမ်းလွန်ဆေးဝါးများ ပထမဆုံးအကြိမ် မီးရှို့ဖျက်ဆီးရာသို့ ခရိုင်ဆေးရုံအုပ်ကြီးဒေါက်တာ ညွန့်စိန်၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မိုးညွန့်ထွန်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဝင်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




## ကန်ပက်လက်မြို့၌ သက်တမ်းလွန်စားသောက်ကုန်များ ရောင်းချမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ဟားခါး မတ် ၂၈**

ချင်းပြည်နယ် ကန်ပက်လက်မြို့ပေါ်၌ ပြည်သူများကျန်းမာရေးနှင့်အညီ ဘေးကင်းလုံခြုံစိတ်ချစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး တာဝန်ရှိသူများက ပူးပေါင်း၍ မတ် ၂၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ပူးပေါင်းကွင်းဆင်းစစ်ဆေးရာ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ခေတ္တပြည်နယ်ဦးစီးမှူး ဦးသောင်းကြိုင်၊ ကျန်းမာရေးဌာနမှ ဒေါက်တာ အောင်ကျော်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ကန်ပက်လက်မြို့ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးထွန်းမြင့်၊ ကန်ပက်လက်မြို့ မြို့မအမှတ်(၁)နှင့်(၂)တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြပြီး သိမ်းဆည်းရမိသော သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများကို ကန်ပက်လက်-ဆောကားလမ်း မိုင်တိုင်အမှတ် ၅ မိုင် ၄ ဖာလုံနေရာတွင် မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ခုနှစ် မတ် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၉၄ စီး၊ သွင်းကုန် ၉၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ဖြတ်သန်းမည့် ခရီးသည်တင် မှန်လုံယာဉ်သုံးစီးနှင့် ခြောက်ဘီးယာဉ် တစ်စီးတို့အား ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Cat Food(Me-O)ပါ ပစ္စည်း ဆယ်မျိုး၊ Baby Diaper (100)Unit၊ ROUSHUN Hair Shampoo (1380 ml)(265)U နှင့် ကန့်သတ် ကုန်ပစ္စည်းဖြစ်သော Nanakid (120ml)(1 ×96) (10)Pkgs စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၅၈ သန်းခန့်ကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်တွင် ငွေကျပ် ၃၅၂၈ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၂၇ ရက် နံနက် ၇ နာရီခန့်က မောင်တောမြို့နယ် ရွှေဇားကျေးရွာအနီး နတ်မြစ်အတွင်း၌ လက်ခတ်လှေတစ်စင်း လှော်ခတ်လာသည့် ဟိုင်ဘီအူလာ၊ မာမတ်ဆာဗစ်နှင့် အန်ဆန်ဒူလာတို့အား တွေ့ရှိရ၍ မူးယစ်တပ်ဖွဲ့စု (၄၆) မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ဟိုင်ဘီအူလာ ၄၀ နှစ်၊ မာမတ်ဆာဗစ် ၂၆ နှစ်နှင့် အန်ဆန်ဒူလာ ၂၅ နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



ဟိုင်ဘီအူလာ၊ မာမတ်ဆာဗစ်နှင့် အန်ဆန်ဒူလာတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**


## တရားမဝင်ကျွန်းခွဲသားများ တင်ဆောင်လာသောယာဉ်တစ်စီး ဖမ်းမိ

**ပင်လည်ဘူး မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ဝါးဘိုးချောင်းကျေးရွာအနီးမှ တရားမဝင်ကျွန်းခွဲသားများ တင်ဆောင်လာသော တုံဖုံးယာဉ်တစ်စီးအား ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

မတ် ၂၈ ရက် နံနက် ၁၀ နာရီခန့်တွင် ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဆင့်မျိုးအောင် ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ပင်လည်ဘူးမြို့နယ် ဝါးဘိုးချောင်းကျေးရွာအနီး ကားလမ်းတွင်သတင်းအရ စောင့်ဆိုင်းနေစဉ် ပင်လည်ဘူးမြို့နယ် အပတောအတွင်းမှဆန်းဦးမောင်းနှင်လာပြီး ဖိုးပြားလိုက်ပါလာသော တုံဖုံးအမျိုးစားခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား ၁၃၂ ချောင်း (၁ ဒသမ ၉၆၇၄ တန်)ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်ကျွန်းခွဲသားများ သယ်ဆောင်လာသူ ဆန်းဦးနှင့်ဖိုးပြားတို့အား ပင်လည်ဘူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**




## ကျွန်းလှမြို့နယ်တွင် ဆိုင်းဝိုင်းသွားကြည့်ရာမှ ဓားထိုးခံရ

**ကျွန်းလှ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ညောင်ကိုင်းကျေးရွာတွင် မတ် ၂၆ ရက် ည ၁၁ နာရီခွဲက ဆိုင်းဝိုင်းသွားကြည့်ရာမှ ဓားဖြင့်ထိုးခံရ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်ကိုင်းကျေးရွာ အရှေ့ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဆိုင်းဝိုင်းမြောက်ဘက် ပေ ၁၀၀ ကျော်ခန့်အကွာ ရန်ဖြစ်ရာမှ မောင်အောက်ကျော် ဓားထိုးခံရပြီး တိုက်နယ်ဆေးရုံမှ မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် မတ် ၂၇ ရက် နံနက် ၁ နာရီတွင် လမ်း၌ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သဖန်းဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်ပြီး တရားခံဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## မြန်မာ့ရုပ်မြင်သံကြား

### Entertainment Channel

**၂၉-၃-၂၀၁၈ (ကြာသပတေးနေ့)**

၀၅း၀၀ အဖွင့် -သာယာငြိမ့်အေးမင်္ဂလာတေး
၀၅း၁၅ ပြည်သူ့နီတိ "စိတ်ဒဏ်ရာအပေါက်များ"
၀၅း၃၀ ဆန်းသစ်လှပ မြန်မာ့အက
၀၅း၄၅ A Historic Town: 9 Pagodas
၀၅း၅၅ Culture Show: Abdication of King Thibaw
၀၆း၁၅ Travelogue: Chaung Tha at its peak period
၀၆း၃၀ Enchanting Rakhine Land
၀၆း၅၀ Surprise Meals
၀၇း၂၀ Discovering Tribes- Pre Kayaw: Their Life and Customs (Part- I)
၀၇း၄၅ ရင်ထဲစွဲထင် တေးဂန္ထဝင်
၀၈း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၄)
၀၈း၃၅ MRTV Entertainment Music
၀၉း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၇)
၀၉း၃၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၀၉း၄၀ ကာတွန်းအစီအစဉ် "Stuart Little 3"
၁၁း၁၀ ပြည်သူ့နီတိ "စိတ်ဒဏ်ရာအပေါက်များ"
၁၁း၃၀ ဆန်းသစ်လှပ မြန်မာ့အက
၁၁း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်လေးက ကောင်မလေးဆီ လိုက်သွားတယ်"
၁၃း၃၀ Running Man (Ep-317)
၁၄း၁၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၄)
၁၄း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုလ်မင်း"(အပိုင်း-၁၈၇)
၁၅း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "အဌမမျက်နှာ"
၁၇း၃၀ ကာတွန်းအစီအစဉ် "Chhota Bheem" (Episode-26)
၁၈း၀၀ Running Man (Ep-318)
၁၈း၄၀ MRTV Entertainment Music
၁၉း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၅)
၁၉း၃၀ ကြယ်စင်တို့ရဲ့ အိပ်မက် (အပိုင်း-၆)
၂၀း၀၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုလ်မင်း"(အပိုင်း-၁၈၈)
၂၀း၃၀ Game Show "10 to Million Myanmar"(Epi-107)
၂၁း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၂၁း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်မိခဲ့သော်လည်း"
၂၃း၄၀ Travelogue: Chaung Tha at its peak period

**၃၀-၃-၂၀၁၈ (သောကြာနေ့)**

၀၀း၀၀ ကာတွန်းအစီအစဉ် "Stuart Little 3"
၀၁း၃၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၅)
၀၂း၀၀ ပြည်သူ့နီတိ "စိတ်ဒဏ်ရာအပေါက်များ"
၀၂း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "မေခင်ကညာ"
၀၅း၀၀ အစီအစဉ်ပြီး၏။

# စပိန်အသင်းအတွက် အစ္စကို ဟက်ထရစ်သွင်းယူ

ဥရောပ၏ နာမည်ကြီး စပိန်အသင်းနှင့် တောင်အမေရိက၏ ထိပ်တန်းစာရင်းဝင် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် စပိန်အသင်းအတွက် ကွင်းလယ်ကစားသမား အစ္စကို ဟက်ထရစ်သွင်းယူပေးခဲ့ပြီး စပိန်အသင်းက အာဂျင်တီးနားအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် စပိန်အသင်းသည် အဆန်စီယို၊ ကော်စတာ၊ အစ္စကို၊ ရာမို့စ်၊ အယ်လ်ကန်တာရာ၊ ဂျော်ဒီအယ်လ်ဘာ၊ အင်နီယေစတာ၊ ကိုကီး၊ ပီကေး၊ ကာဗာဂျယ်တို့ကို ထည့်သွင်းအသုံးပြုခဲ့ပြီး အာဂျင်တီးနားအသင်းကလည်း ဟီဂူအင်၊ မာရှေယာနို၊ အော့တမန်ဒီ၊ မားကို့စ်ရိုဂျို စသည့်ကစားသမားများကို အမာခံထားကာ ကစားခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့၏ ပွဲစဉ်တွင် စပိန်အသင်းအတွက် သွင်းဂိုးများကို ဒီယေဂိုကော်စတာ ၁၂ မိနစ်၊ အစ္စကို ၂၇ မိနစ်၊ ၅၂ မိနစ်၊ ၇၄ မိနစ်၊ အယ်လ်ကန်တာရာ ၅၅ မိနစ်နှင့် လာဂိုအက်စ်ပက် ၇၃ မိနစ် တို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အာဂျင်တီးနားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို အော့တမန်ဒီက ပွဲကစားချိန် ၃၉ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားအသင်းသည် တိုက်စစ်မှူး မက်ဆီ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့သဖြင့် အသင်း၏ တိုက်စစ်ပိုင်းသည် အားနည်းမှုများရှိခဲ့ပြီး ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဆွစ်ဇာလန်အသင်း၊ တူနီးရှားအသင်းတို့နှင့် ခြေစမ်းပွဲကစားရဦးမည်ဖြစ်သည်။ အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုပွဲစဉ်အဖြစ် ဇွန် ၁၅ ရက်တွင် ယူရိုချန်ပီယံပေါ်တူဂီအသင်းနှင့် ကစားရမည်ဖြစ်သည်။

အာဂျင်တီးနားအသင်းသည် မက်ဆီ၏ ဟက်ထရစ်ဂိုးဖြင့် အီကွေဒေါအသင်းကို အနိုင်ရရှိကာ ကမ္ဘာ့ဖလားဝင်ခွင့်တစ်နေရာရရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိအသင်း၏ အားနည်းချက်မှာ နောက်တန်းခံစစ်ကြောင်းဖြစ်သောကြောင့် နည်းပြ ဆမ်ပါအိုလီအနေဖြင့် ခံစစ်ပိုင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ပြင်ဆင်ရန်လည်း လိုအပ်လျက်ရှိသည်။



# တစ်ပတ်ပေါင်ကိုးသောင်းဖြင့် စာချုပ်သစ် ကမ်းလှမ်းလာမှုကို ဂျီးဆပ် ငြင်းဆို

တိုက်စစ်မှူးဂျီးဆပ်အား မန်စီးတီးအသင်းက စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ကမ်းလှမ်းထားသော်လည်း မန်စီးတီးအသင်း၏ တစ်ပတ်ပေါင်ကိုးသောင်းဖြင့် ကမ်းလှမ်းလာမှုကို ငြင်းဆိုထားကြောင်း သိရသည်။

ဘရာဇီးကြယ်ပွင့် ဂျီးဆပ်သည် ခရစ္စမတ်ကာလမတိုင်မီ မန်စီးတီးအသင်းမှ ထွက်ခွာကာ အသင်းသစ်တစ်သင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသည့် သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ဂျီးဆပ်သည် လက်ရှိ မန်စီးတီးအသင်းတွင် တစ်ပတ်လုပ်ခလစာ ပေါင် ၆၅၀၀၀ ရရှိထားသူဖြစ်ပြီး မန်စီးတီးအသင်းကမူ ဂျီးဆပ်အား ၂၀၂၃ ခုနှစ်အထိ အီတီဟက်ဒ်တွင် ဆက်ရှိရန် မျှော်လင့်လျက် စာချုပ်သစ်ကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျီးဆပ်သည် စာချုပ်သစ်ချုပ်ဆိုခဲ့ပါက တစ်ပတ်ပေါင်တစ်သိန်းနှင့် အထက်ရရှိမှသာ မန်စီးတီးအသင်းတွင် ကာလရှည်ဆက်ရှိနေမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ တိုက်စစ်မှူး ဂျီးဆပ်သည် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် သီတင်းခြောက်ပတ်ကြာ နားခဲ့ရသူလည်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်



# ဆော်ဒီအာရေဗီးယားနှင့် ပွဲစဉ်တွင် ဘယ်လ်ဂျီယံအတွက် လူကာကူ နှစ်ဂိုးသွင်းယူ

နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံအသင်းနှင့် ဆော်ဒီအာရေဗီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘယ်လ်ဂျီယံအသင်းက ဆော်ဒီအာရေဗီးယားအသင်းကို အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းသည် လူကာကူ၊ ဒီဘရိုး၊ ဟာဇက်၊ ဒမ်ဘီလီ၊ ဘတ်ရှူယာယီ၊ ကွန်ပနီ၊ ဗာမေလန် စသည့် ကစားသမားကောင်းများကို ပွဲထုတ်ကစားခဲ့ပြီး လေးဂိုးပြတ်ဖြင့် ဆော်ဒီအာရေဗီးယားအသင်းကို အနိုင်ရရှိခဲ့ကာ ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးများကို လူကာကူ ၁၃ မိနစ်၊ ၃၉ မိနစ်၊ ဘတ်ရှူယာယီ ၇၇ မိနစ်နှင့် ဒီဘရိုင်း ၇၈ မိနစ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး လူကာကူသည် ယခုပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် နိုင်ငံအသင်းတွင် ဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပြီး လက်ရှိတွင် ဘယ်လ်ဂျီယံအသင်းနှင့်အတူ နိုင်ငံတကာပွဲစဉ် ၆၆ ပွဲကစားပေးခဲ့ရာတွင် သွင်းဂိုး ၃၃ ဂိုးအထိ စံချိန်တင်သွင်းယူနိုင်ခဲ့ပြီလည်းဖြစ်သည်။

ထို့ကြောင့် ဘယ်လ်ဂျီယံအသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်က တိုက်စစ်မှူး လူကာကူအား ချီးကျူးစကားဆိုခဲ့သည်။ နည်းပြမာတီနက်ဇ်သည် ကမ္ဘာ့ဖလားမတိုင်မီ ခြေစမ်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရသည့် ဆော်ဒီအာရေဗီးယားအသင်းနှင့် ပွဲစဉ်တွင် ဂိုးသမားကော်တိုရစ်ဒဏ်ရာရရှိနေခြင်းကြောင့် မစ်ဂ်နိုလတ်ကို ထည့်သွင်းအသုံးပြုခဲ့ပြီး ကွန်ပနီနှင့် ဗာတွန်ဂန်တို့ကို တွဲဖက်အသုံးပြုသွားခဲ့သည်။

# ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပြင်သစ်အသင်းတွင် ပါဝင်ခွင့်ရရှိရန် ပေါ့ဘာ မျှော်လင့်

ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာသည် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ရုရှားအသင်းနှင့် ပြင်သစ်အသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် တစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ ပါဝင်ခွင့်ရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်သည် ကိုလံဘီယာအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ယခုပွဲစဉ်တွင် ကစားသမားခုနစ်ယောက်အထိ အပြောင်းအလဲလုပ်ခဲ့ပြီး ရုရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် ယင်းပွဲစဉ်တွင် ပွဲကစားချိန်မိနစ် ၄၀ နှင့် ၈၃ မိနစ်တွင် မက်ပီကနှစ်ဂိုး၊ ပွဲကစားချိန် ၄၉ မိနစ်တွင် ပေါ့ဘာကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ပေါ့ဘာသည် မန်ယူအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် ပြင်သစ်အသင်းနှင့်အတူ ပထမဆုံးအကြိမ် ပြန်လည်ပွဲထွက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုပွဲစဉ်တွင် တစ်ဂိုးသွင်း၊ တစ်ဂိုးဖန်တီးပေးနိုင်ခဲ့သည်။

ကွင်းလယ်ကစားသမားပေါ့ဘာသည် မန်ယူအသင်းတွင် နည်းပြမော်ရင်ဟိုနှင့် အဆင်မပြေဖြစ်ခဲ့ခြင်းကြောင့် စိတ်ပျက်နေရသူဖြစ်သော်လည်း ယခုရုရှားနှင့် ပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် နည်းပြဒက်ချမ့်၏ ကမ္ဘာ့ဖလားပြိုင်ပွဲကစားသမားစာရင်းတွင် ပါဝင်ခွင့်ရရှိရန် နီးစပ်နေခဲ့ပြီဖြစ်သည်။

ပေါ့ဘာသည် မန်ယူအသင်းတွင် ဆက်ရှိရန်မသေချာတော့ကြောင်းနှင့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ထွက်ခွာမည်ဖြစ်ကြောင်း သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။





## ဇလုံတောင်ဘုရားဖူးများ အလွယ်တကူသွားလာနိုင်ရေး အဆင်းလမ်းထပ်မံဖောက်လုပ်

**ဗန်းမောက် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ အထင်ကရနေရာတစ်ခုဖြစ်သော ဇလုံတောင်ပေါ်သို့ တက်ရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများ အတက်အဆင်း အဆင်ပြေစေရန်အတွက် အခိုင်အမာလူသွားအဆင်းလမ်းတစ်ခု ထပ်မံဖောက်လုပ်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်သူဦး၏ ပြောကြားချက်အရ သိရသည်။

"ဇလုံတောင်မှာ ပြီးခဲ့တဲ့ ရုံးပိတ်ရက်လေးရက်က ဘုရားဖူးတွေ မထင်မှတ်လောက်အောင် များပြားတာကို တွေ့ရတယ်၊ တောင်အလယ် ရင်ပြင်တော်ကနေ တောင်တော်ပေါ်တက်ဖို့ အတော့်ကို အခက်အခဲဖြစ်ကြတယ်၊ အခုလက်ရှိမှာ တောင်တော်ပေါ်က လူသွားလမ်းကျဉ်းကျဉ်းလေးကနေ အတက်၊ အဆင်းလုပ်နေရတယ်။ တောင်တော်ပေါ်မှာလည်း လူ ၃၀၊ ၄၀ လောက်ပဲဆံ့တာ၊ အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ လမ်းကျဉ်းလေးတစ်ခုတည်း ဖြစ်နေတဲ့အတွက် အခုလက်ရှိ အသုံးပြုနေတဲ့လမ်းကို အတက်လမ်းအဖြစ်နဲ့ထားပြီးတော့ နောက်တစ်ဖက်မှာ အဆင်းလမ်းတစ်ခုကို ခိုင်ခိုင်မာမာနဲ့ စတီးလက်ရန်းနဲ့ လုပ်မယ်၊ ကားရပ်နားစခန်းကနေ တောင်တော်ပေါ်ကို ခြေကျင်သွားရာ လမ်းတွေလည်း ပညာရှင်တွေနဲ့ တိုင်ပင်ပြီးတော့ လုပ်နေပါပြီ" ဟု တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်သို့ ခရီးသွားဝင်ရောက်မှုသည် ယခုနှစ်ဘုရားဖူးရာသီတွင် ယခင်နှစ်ထက် ထက်ဝက်ခန့် မြင့်တက်လာသဖြင့် ဇလုံတောင်တော်သို့ တက်ရောက်ကြသည့် ခရီးသွားပြည်သူများ အလွန်များပြားလာသဖြင့် လက်ရှိအသုံးပြုလျက်ရှိသော လူသွားလမ်းအပြင် အဆင်းလမ်းတစ်ခုကို ထပ်မံတည်ဆောက်ပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါလူသွားအဆင်းလမ်းအား မတ်လဒုတိယပတ်အတွင်း စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## ပါဠိပထမပြန်စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် ဆုများဆက်ကပ်

**ပျဉ်းမနား မတ် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ ၂၀၁၇ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမ၌ ကျင်းပသည်။

၂၀၁၇ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသော ပထမကြီးတန်းတစ်ပါး၊ ပထမလတ်တန်း ၁၄ ပါး၊ ပထမငယ်တန်း ၃၇ ပါးနှင့် အခြေပြုမူလတန်း အပါး ၃၀ စုစုပေါင်းသံဃာတော် ၈၂ ပါးတို့အား အောင်လက်မှတ်နှင့် စာအောင်ဆုငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## အခွန်အများဆုံးထမ်းဆောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်

**တောင်ကြီး မတ် ၂၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ကြီးမှူးကျင်းပသော ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ် ရှမ်းပြည်နယ်အတွင်း အခွန်အများဆုံးထမ်းဆောင်သူများအနက်မှ အခွန်ထမ်း ၁၀၀ အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ထူထောင်နိုင်ရေးမှာ ဘဏ္ဍာငွေကြေးသည် အဓိက လိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် နောင်နှစ်များတွင်လည်း စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ပြီး ပေးဆောင်သင့်ပေးဆောင်ထိုက်သည့် အခွန်ငွေများကိုပေးဆောင်၍ နိုင်ငံတော်အကျိုး၊ မိမိအကျိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံက နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် နိုင်ငံ၏ သဘာဝသယံဇာတများကိုသာ မှီခိုနေရန်မဖြစ်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်တွင်းမှ ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ ကောက်ခံရရှိရန် လိုအပ်ချက်တစ်ခုအနေဖြင့် ရှိနေမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ရှမ်းပြည်နယ်အတွင်း အခွန်အများဆုံး ထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်ကြီးများကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခွန်ထမ်းပြည်သူများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## စစ်ကိုင်းတိုင်းဒေသကြီး၌ အော်ဂဲနစ်အခြေခံစိုက်ပျိုးနည်းသင်တန်းဖွင့်

**မုံရွာ မတ် ၂၈**

ထုတ်လုပ်သည့် သီးနှံအရည်အသွေးကောင်းမွန်ပြီး စားသုံးသူအတွက် လုံခြုံစိတ်ချစေခြင်းနှင့်အတူ လယ်ယာလုပ်သားများ၏ဘဝ အဆင်ပြေစေရန်နှင့် သဘာဝဝန်းကျင်ထိခိုက်မှုနည်းပါးရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးခင်မောင်ညွှန့်က မတ် ၂၇ ရက်က ကျင်းပသော အော်ဂဲနစ်အခြေခံသင်တန်းဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

"အရင်က လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ပေမယ့် အခုအခါမှာ ခေတ်ရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်တဲ့ သီးနှံတွေရဲ့ အရည်အသွေးဟာ ကောင်းမွန်ပြီး စားသုံးသူအတွက် လုံခြုံစိတ်ချစေတာနဲ့အတူ စိုက်ပျိုးရေးဆိုင်ရာ လယ်ယာလုပ်သားတွေရဲ့ လူမှုစီးပွားရေးဘဝ အဆင်ပြေစေဖို့နဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးရေးကိုအလေးထားဆောင်ရွက်ဖို့ လိုအပ်လာပါတယ်"ဟု ဦးခင်မောင်ညွှန့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဌာနနှင့် မြန်မာနိုင်ငံ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူအသင်းတို့ ပူးပေါင်း၍ တောင်သူ၄၀ နှင့် စိုက်ပျိုးရေးဝန်ထမ်း ၁၀ ဦးတို့ကို မတ် ၂၇ ရက်မှ ၂၉ ရက်ထိ သုံးရက်တိုင် ဩဂဲနစ်ဆိုင်ရာ အခြေခံသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဌာန ခန်းမ၌ ဒေါက်တာသန်းသန်းစိန်က သင်ကြားပေးခြင်းဖြစ်သည်။ သင်တန်းဆရာမ ဒေါက်တာ သန်းသန်းစိန်က "မြန်မာနိုင်ငံ တောင်သူတွေဟာ အော်ဂဲနစ်စိုက်ပျိုးရေးအကြောင်း များများလေ့လာပြီး များများစိုက်ဖို့လိုပါတယ်၊ အော်ဂဲနစ်ဆိုတာဟာ အထွက်နှုန်းကောင်းအောင် ပြုလုပ်တဲ့ ဘေးထွက်ဆိုးကျိုးများကို ကုစားတာကို အော်ဂဲနစ်လို့ဆိုထားပါတယ်၊ မြန်မာနိုင်ငံက ဖိလစ်ပိုင်နဲ့ အရင်ယှဉ်ရမယ်၊ မြန်မာနိုင်ငံက သရက်သီးက ဖိလစ်ပိုင်သရက်သီးနဲ့ ယှဉ်ရမယ်၊ မြန်မာနိုင်ငံက ရွှေဘိုပေါ်ဆန်းမွှေး၊ အရာတော်သနပ်ခါးတို့ဟာ ထိုင်းနဲ့ ယှဉ်ပြိုင်ရတော့မယ်၊ ကုန်ပစ္စည်းရဲ့ ယှဉ်ပြိုင်နိုင်စွမ်းတွေဟာ အင်တာနေရှင်နယ်အဆင့်ကို မဝင်ချင်သော်လည်း ဝင်ရတော့မယ်၊ အစားအစာစံချိန်စံညွှန်း၊ စိုက်ပျိုးရေးစံချိန်စံညွှန်းတွေဟာ အာဆီယံအဆင့်နဲ့ အမြဲတမ်းသွားရတော့မယ့် အချိန်ရောက်နေပါပြီ၊ မသွားတော့ဘူးဆိုရင် ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့ဘူးဖြစ်သွားပါ့မယ်၊ မြန်မာတောင်သူတွေဟာ အာဆီယံတောင်သူတွေထက် မနိမ့်ကျတဲ့ အသိရှိစေချင်ပါတယ်" ဟု ပြောကြားသည်။

တက်ရောက်လာသူများအနေဖြင့် အခြေခံအော်ဂဲနစ်ပညာကို ဂရုတစိုက်လေ့လာသင်ကြားပြီး မိမိတို့ကိုယ်တိုင်အလေ့အကျင့်ကောင်းများကိုဆောင်ရွက်ကြရန်နှင့် အခြားဆက်နွှယ်သူများကိုပါ ပညာပေးမျှဝေပေးစေလိုသည့်အပြင် အဓိကအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ် ကျင့်သုံးစေရေးကို ဦးတည်ဆောင်ရွက်သောနည်းပညာဖြစ်ကြောင်း ဦးခင်မောင်ညွှန့်က သင်တန်းဖွင့်ပွဲ၌ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

**မျိုးဝင်းထွန်း (မုံရွာ)**



ယမန်နှစ် မန္တလေးသင်္ကြန်မှ ဖျော်ဖြေရေးမဏ္ဍပ်တစ်ခုကို တွေ့ရစဉ်။

## မန္တလေးသင်္ကြန် ကျုံးပတ်လည်တွင်မဏ္ဍပ်ကြီး ၂၆ ခုနေရာချထားမည်

**မန္တလေး မတ် ၂၈**

မန္တလေးသင်္ကြန် ကျုံးပတ်လည်တွင် မဏ္ဍပ်ဆောက်လုပ်မည့် အစီအစဉ်အနေဖြင့် ကျုံးအရှေ့ဘက်တွင် ပေ ၁၀၀×၂၅ ပေ မဏ္ဍပ်ကြီး ခုနစ်ခု၊ ကျုံးမြောက်ဘက်တွင် ပေ ၁၀၀×၂၅ ပေ မဏ္ဍပ်ကြီး ကိုးခုနှင့် ပေ ၃၀ × ၁၂ ပေ မဏ္ဍပ်ရှစ်ခု၊ ကျုံးအနောက်ဘက်တွင် ပေ ၁၀၀×၂၅ ပေ မဏ္ဍပ်ကြီး ၁၀ ခုနှင့် ပေ ၃၀×၁၂ ပေမဏ္ဍပ် ၃၅ ခုတို့ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျုံးတောင်ဘက် လမ်းလျှောက်သင်္ကြန်ကျင်းပမည့်နေရာတွင် ပေ ၃၀×၁၂ ပေ မဏ္ဍပ် ၅၁ ခု၊ ပေ ၂၀×၁၂ ပေ မဏ္ဍပ် ၁၅ ခု၊ ပေ ၁၀×၁၂ ပေမဏ္ဍပ် ၁၉ ခုနှင့် ပေ ၁၀၀×၁၂ ပေ စတုဒိသာမဏ္ဍပ်နှစ်ခု ဆောက်လုပ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မန္တလေးသင်္ကြန် ကျုံးပတ်နေရာချထားမည့် မဏ္ဍပ်ကြီး ၂၆ နေရာ တွင် မတ် ၁၉ ရက် အထိ ၁၀ နေရာ လေလံရရှိသွားပြီဖြစ်ကြောင်း၊ မဏ္ဍပ်တွေကို နေရာချထားပေးရာမှာ သူတို့ကို သတ်မှတ်ပေးလိုက်တဲ့ အကျယ်အဝန်းအတိုင်း ဆောက်ရမှာပါ၊ အဲဒီထက်ပိုသွားရင်တော့ သတ်မှတ်ဒဏ်ကြေးပေးဆောင်ရမှာပါ၊ ကျန်နေတဲ့နေရာတွေလည်း ဆက်လက်ချထားပေးမှာဖြစ်တယ်၊ ဒီနှစ်ကြမ်းခင်းဈေးက နေရာအလိုက် ကျပ်သိန်း ၈၀ နဲ့ ၁၀၀ ဝန်းကျင်မှာရှိတယ်၊ ယခင်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အခွန်အနည်းသာရရှိခဲ့ပြီး မဏ္ဍပ်ဆောက်လုပ်သူများမှာ ပြင်ပမှ ငွေကြေးအမြတ်အစွန်းပေးကာ နေရာအတွက်ဝယ်ယူခဲ့ခြင်းများရှိပြီး ယခုကဲ့သို့ လေလံစနစ် ပွင့်လင်းမြင်သာ ပြုပြင်ပြောင်းလဲခဲ့ခြင်းကြောင့် အခွန်အခပိုမိုရရှိလာနိုင်သည့်အပြင် ကြမ်းခင်းဈေးသတ်မှတ်ထားသောကြောင့် မဏ္ဍပ်ဆောက်လုပ်ခွင့် လေလံဆွဲသူများပြားလာကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ တာဝန်ရှိသူက ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(မွမ်းမံ)သင်တန်းဖွင့်

**နေပြည်တော် မတ် ၂၈**

ပြည်သူလူထုအတွင်း သဘာဝဘေးအသိပညာတိုးပွားစေရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ကိုယ်တိုင် ထိထိရောက်ရောက် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (မွမ်းမံ) သင်တန်း (၁/၂၀၁၈) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် ဆွေးနွေးပို့ချပေးသွားမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များမှ စိတ်ပါဝင်စားသူ စေတနာ့ဝန်ထမ်း ၅၀ တို့အား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရပ်ရွာအခြေပြု သဘာဝဘေးစီမံခန့်ခွဲမှု၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ မူဝါဒများနှင့် ဖွဲ့စည်းဆောင်ရွက်မှု၊ ကြိုတင်သတိပေးစနစ်အပေါ် ခြုံငုံလေ့လာခြင်း၊ DAN၊ KOBO Mobile Application အသုံးပြုပုံများကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**

# မြေနေရာလျော်ကြေးငွေ ဒုတိယအကြိမ်မြောက်ပေးအပ်



**မုံရွာ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလုံရပ်ကွက် မင်းဒေါင့်ဆိပ်ကမ်းရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲလက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ-၃) ရုံး မင်းဒေါင့်အခြေစိုက်စခန်း အလုံတောင်ကွင်း အမှတ်-၃၂၇ရှိ မြေပိုင်ရှင်များအား ဒုတိယအကြိမ်မြောက် မြေယာလျော်ကြေး ငွေများ ပေးအပ်ပွဲကို မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက် နံနက် ၁၀ နာရီ ခွဲက ကျင်းပသည်။

"အခုမြေလျော်ကြေးပေးတဲ့ မြေကွက်တွေက ဒုတိယအကြိမ်မြောက် ပေးအပ်ခြင်းဖြစ်ပါတယ်၊ အခုလို မြေယာလျော်ကြေးတွေ ပြန်ပေးတဲ့အခါမှာ နောက်ပိုင်းမှာ အရှုပ်အရှင်းတွေမဖြစ်ရအောင်လို့ ပိုင်ဆိုင်မှုအထောက်အထားတွေ ပြန်လည်စိစစ်တယ်၊ တချို့ကလည်း အဆင့်ဆင့်အရောင်းအဝယ်လုပ်ထားတာမျိုး၊ တချို့ကလည်း အမည်ပေါက် ပိုင်ရှင်ကသက်ရှိထင်ရှားမရှိတော့ဘဲ ဇနီး၊ သားသမီးတွေလက်ထဲမှာ ကျန်ခဲ့တာမျိုးတွေရှိပါတယ်၊ အဲဒီအတွက် အထောက်အထားတွေကို ခိုင်မာပြည့်စုံအောင်စိစစ်ပြီးတော့မှပေးတာဖြစ်ပါတယ်၊ အခုလျော်ကြေးငွေပေးအပ်တဲ့ မြေနေရာတွေက ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှာ ခြံစည်းရိုးခတ်ခြင်း၊ မြေပြင်ခြင်းနဲ့ မြေရှင်းတဲ့လုပ်ငန်းတွေကို လုပ်ဆောင်ခဲ့တယ်၊ အဲဒီတုန်းကတော့ ထမံသီနဲ့ ရွှေစာရေး ရေအားလျှပ်စစ်တွေအတွက် လုပ်ဆောင်ခဲ့တာပါ၊ အခုတော့ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ လက်ထောက် ညွှန်ကြားရေးမှူးရုံး (မြို့ပြ-၃) ရုံး မုံရွာမြို့အခြေစိုက်စခန်းအဖြစ် ဖွင့်လှစ်ထားပါတယ်၊ အခုလျော်ကြေးငွေတွေကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ပေးထားတဲ့ မုံရွာမြို့နယ်ရဲ့ မြေဈေးနှုန်းကာလတန်ဖိုးနဲ့ တွက်ချက်ပြီး ပေးထားတာပါ၊ (ပေ ၆၀× ပေ ၄၀) တစ်ကွက်ကို ငွေကျပ် ၅၅ သိန်းနှုန်းနဲ့ လျော်ကြေးငွေပေးတာပါ" ဟု ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ-၃) ရုံးမှ ဦးစီးအရာရှိ ဦးဝင်းခန့်ကျော်က ပြောသည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ-၃) ရုံးမြေနေရာသည် စုစုပေါင်း ၁၁ ဒသမ ၀၇ ဧက ကျယ်ဝန်းပြီး စုစုပေါင်းမြေကွက် ၉၆ ကွက်ရှိရာ ပထမအကြိမ်တွင် မြေကွက် ၃၃ ကွက်ကို ပိုင်ဆိုင်သည့် မြေပိုင်ရှင် ၁၈ ဦးသို့ ပေ (၆၀×၄၀) ရှိမြေကွက် တစ်ကွက်လျှင် ငွေကျပ် ၅၅ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၈၁၅ သိန်းအား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က လျော်ကြေးငွေများပေးအပ်ခဲ့ပြီး ကျန်ရှိမြေကွက်များ၏ ပိုင်ရှင်များမှ ထပ်မံတင်ပြလာမှုကို စိစစ်ပြီး ယနေ့တွင် မြေပိုင်ရှင် ၃၈ ဦးပိုင်ဆိုင်သည့် မြေကွက် ၄၁ ကွက်အား ယခင်ဈေးနှုန်းအတိုင်း စုစုပေါင်းငွေကျပ်သိန်း ၂၂၅၀ အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသော မြေကွက် ၂၂ ကွက်အားလည်း ခိုင်လုံသည့် အထောက်အထားများဖြင့် ထပ်မံတင်ပြလာပါက လျော်ကြေးငွေများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# ပဲခူးတိုင်းဒေသကြီး လယ်ယာထွက်ကုန်သီးနှံ ကုန်စည်ဒိုင်ဖွင့်

**ပဲခူး မတ် ၂၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ပူးပေါင်းကာ ပဲခူးမြို့ ကမာနတ်ကျေးရွာ ပဲခူး-သနပ်ပင်ကားလမ်းဘေးရှိ ရွှေလင်းယုန်ဆန်စက်အနီး၌ မတ် ၂၈ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး လယ်ယာထွက်ကုန်သီးနှံ ပဲခူးကုန်စည်ဒိုင်ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်တို့က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လယ်ယာထွက်ကုန်သီးနှံ ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း (ပဲခူးအရှေ့) ဥက္ကဋ္ဌ ဦးကြည်ထွန်းက ပဲခူးကုန်စည်ဒိုင်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်၊ ပေါင်းတည်၊ နတ်တလင်း၊ ကြို့ပင်ကောက်စသည့်မြို့နယ်များတွင် ကုန်စည်ဒိုင် လေးခုဖွင့်လှစ်ထားရှိပြီး ယခုဖွင့်လှစ်သည့် ပဲခူးကုန်စည်ဒိုင်အပါအဝင် ငါးခုဖွဲ့စည်းဖွင့်လှစ်ထားပြီးဖြစ်သည်။ ကုန်စည်ဒိုင်သည် အမြတ်အစွန်းရရှိရေးကို ဆောင်ရွက်ရန်သာမဟုတ်ဘဲရောင်းသူများနဲ့ ဝယ်ယူသူများအတွက် အရောင်းအဝယ်ပြုလုပ်ရန်နေရာ (Market Place) ကို စနစ်တကျဖော်ဆောင်ရန်ဖြစ်ပြီး ရောင်းသူများနှင့်ဝယ်သူများ၏အမြင့်မားဆုံးစွမ်းဆောင်ချက်များနှင့် တစ်ခုတည်းသော ဈေးကွက်ယန္တရားကို တည်ထောင်ရန်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပဲခူးကုန်စည်ဒိုင်ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ တက်ရောက်ကြကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး လယ်ယာထွက်ကုန်သီးနှံ ပဲခူးကုန်စည်ဒိုင်ကို အသင်းသားအချင်းချင်းသော်လည်းကောင်း၊ အခြားဝယ်လက်များသို့ ရောင်းချရာတွင်လည်းကောင်း၊ သမာသမတ်မျှတစွာ အရောင်းအဝယ်ပြုနိုင်ကြစေရန်၊ ရောင်းချသော ဆန်စပါးနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်မားတိုးတက်လာပြီး ရောင်းသူဈေးကွက်ခိုင်မာဖြစ်ထွန်းလာစေရန်၊ ဆန်စပါးနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဈေးကွက်ဝင်အရည်အသွေးမြင့် ကုန်ပစ္စည်းများ၊ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပဲခူးကုန်စည်ဒိုင်မှ ဆန်စပါးနှင့်လယ်ယာထွက်ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ညောင်တုန်းမြို့တွင် မီးငြိမ်းသတ်ရေး စွမ်းရည်သရုပ်ပြလေ့ကျင့်

**ညောင်တုန်း မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးကျင်းပသည့် အပေါ့စားရေစုပ်စက်ဖြင့် မီးငြိမ်းသတ်ရေးစွမ်းရည်သရုပ်ပြလေ့ကျင့်မှုအခမ်းအနားကို မတ် ၂၆ ရက် ညနေ ၄ နာရီက အမှတ်(၃) ရပ်ကွက် (၂၁) လမ်းတွင် ကျင်းပခဲ့သည်။

မီးငြိမ်းသတ်ရေးစွမ်းရည် သရုပ်ပြလေ့ကျင့်ရာတွင် တစ်ဖွဲ့ချင်းအလိုက် အပေါ့စားရေစုပ်စက်ဖြင့် မီးငြိမ်းသတ်ရေးစွမ်းရည် သရုပ်ပြသခဲ့ရာ မီးငြိမ်းသတ်ရေးစွမ်းရည်တွင် အကောင်းဆုံးပြုလုပ်နိုင်ခဲ့သည့် ရပ်ကွက်အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဝင်းက ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့သည်။

အဆိုပါ မီးငြိမ်းသတ်ရေးစွမ်းရည်သရုပ်ပြသလေ့ကျင့်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသိန်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝဏ္ဏနိုင်(ညောင်တုန်း)**

# မှုခင်းအသိပညာပေး

**ကွမ်းခြံကုန်း မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်း မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ကျော်မိုးနှင့် တာဝန်ရှိသူများသည် မတ် ၂၆ ရက် နံနက် ၉ နာရီက ကံကြီး/မကျီးရပ်ကွက် မြရည်နန္ဒာ ပန်းခြံရှေ့၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ဝါရှောင်ရေလှောင်ဆည်အတွင်း သဲနုန်းဆယ်ယူမှုလုပ်ငန်းပြီးစီးပါက လယ်မြေဧက ၁၁၀၀၀ ကျော်အား ရေပေးဝေနိုင်မည်

**ဝိုင်းမော် မတ် ၂၈**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဝါရှောင်ရေလှောင်ဆည်အတွင်း သဲနုန်းများဆယ်ယူခြင်းလုပ်ငန်းကို မတ် ၁ ရက်မှစတင် ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပါက ဝိုင်းမော်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ လယ်မြေ ဧက ၁၁၀၀၀ ကျော်အား ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း မြစ်ကြီးနားခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးနေဝင်းထံမှ သိရသည်။



"ဝါရှောင်ဆည်ကို ၁၉၆၂-၁၉၆၃ ခုနှစ်ကနေစပြီး အကောင်အထည်ဖော် တည်ဆောက်ခဲ့ပါတယ်၊ ပြီးစီးတဲ့ကာလ ကတော့ ၁၉၆၉ စက်တင်ဘာ ၃၀ ရက်မှ လုပ်ငန်းပြီးစီးခဲ့ပြီး ဝါရှောင်ဆည်ကနေ စိစစ်ဆည်ရေသောက်လယ်မြေ ၁၁၄၄၆ ဧကလျာထားရာမှာ ဆည်ရေသောက် လယ်အားလုံးကို ရေပေးဝေနိုင်တဲ့အပြင် မြို့ပေါ်ရပ်ကွက် ကျေးရွာများရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအတွက် သောက်သုံးရေများလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်၊ ၂၀၀၄ ခုနှစ်မှာ ဧရာဝတီမြစ်ရေ လွှမ်းမိုးမှုကြောင့် ဝါရှောင်ဆည် လက်တံမြောင်း (F)ကျိုးပြတ်ခဲ့ပြီး ဒီနေ့အထိ လက်တံမြောင်း (F) မှ ဆည်ရေသောက်လယ် ဧက ၄၀၀ ကျော်ကို ရေပေးဝေနိုင်ခြင်း မရှိခဲ့ပါဘူး၊ အခုတော့ ကျိုးပြတ်သွားတဲ့ လက်တံမြောင်း (F) ကိုလည်း ဒေသခံပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ အရှည်ပေ ၁၆၀၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိတဲ့ သံထည် ရေတံလျှောက်ကိုလည်း အသစ်တပ်ဆင် ပြုပြင်ပြီးဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉မိုးစပါးစိုက်ရာသီမှာ ဆည်ရေသောက်လယ်မြေ ၄၁၅ ဧကကို တိုးမြှင့် စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်" ဟု မြစ်ကြီးနားခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးနေဝင်းက ပြောကြားသည်။

ဝါရှောင်ရေလှောင်ဆည်အတွင်း သဲနုန်းများဖယ်ရှားမှုနှင့်စပ်လျဉ်း၍ ဝိုင်းမော်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးစိုးဝေလင်းထွန်းက "သဲနုန်းတွေက နှစ်စဉ် ရေတိုက်စားပို့ချမှုကြောင့် ဆည်အတွင်းမှာ ဒု ၁၂ ပေခန့်အထိ မြင့်တက်လာပြီး ရေသိုလှောင်မှု ပမာဏ နည်းပါးသွားတာကြောင့် သဲနုန်းဖယ်ရှားခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်၊ အခုလို ဆောင်ရွက်ရာမှာ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်နိုင်ရန် မြေတူးစက်နှစ်စီး၊ မြေသယ်ယာဉ် ၁၀ စီး၊ မြေတွန်းစက် တစ်စီးနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်း ကျော်ပြီးစီးနေပါပြီ၊ ထွက်ရှိလာတဲ့ သဲနုန်းတွေကိုလည်း လိုအပ်တဲ့ လုပ်ငန်းခွင် ဧရိယာနေရာတွေမှာ ဖြည့်ဆည်းခင်းကျင်းနိုင်ခဲ့ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ဝိုင်းမော်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်ကျေးရွာများမှ ဆည်ရေသောက်လယ်မြေများအပြင် ဒေသခံပြည်သူများမှာလည်း ဝါရှောင်ဆည်အတွင်းမှ ဆည်ရေကို အားကိုးအားထားပြုနေရပြီး ယခုကဲ့သို့ သဲနုန်းဆယ်ယူခြင်းနှင့် လက်တံမြောင်း (F) ရေတံလျှောက် လုပ်ငန်းဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံပြည်သူများမှာလည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း ခတ်ချိုကျေးရွာနေ တောင်သူကြီး ဦးစိုင်းသူရထံမှ သိရသည်။

**ဦးလေးကြီး**




# မုဒြာရဲ့ခေါ်သံ (သို့မဟုတ်) မြန်မာအကြောင်းပြောသော ရုပ်ရှင်

ဆွေဇင်နေမင်း

ရုံတင်ရက်မရောက်ခင်ကတည်းက ပရိသတ်စိတ်ဝင်စားမှုမြင့်တက်နေသည့် “မုဒြာရဲ့ခေါ်သံ” (Mudras Calling) ရုပ်ရှင်ကို သွားကြည့်ဖြစ်ခဲ့သည်။ နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ပြသခွင့်ရ ရုပ်ရှင်ဖြစ်သည့်အပြင် ဆုရမှတ်တမ်းများလည်းရှိနေသည်မို့ မကြည့်မဖြစ် စောင့်ကြည့်သင့်သော ရုပ်ရှင်ဇာတ်ကားတစ်ကားဟု ညွှန်းဆိုရပါမည်။ ရုံတင်ပြီးနောက်ပိုင်း ရက်အနည်းငယ်အတွင်း လူမှုကွန်ရက် စာမျက်နှာများတွင် ဖော်ပြခံရမှုအများဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်လာခဲ့ပြီး ကြည့်ရှုသူပရိသတ်များ၏ ချီးကျူးစကားသံများကို လက်ခံရရှိသောဇာတ်ကားလည်း ဖြစ်သည်။

“မုဒြာရဲ့ခေါ်သံ” သည် ဒါရိုက်တာ ခရစ္စတီးနားခီ ၏ ပွဲဦးထွက်လက်ရာ ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ သို့သော်လည်း မြန်မာ့ရုပ်ရှင်ပိတ်ကားသို့ ဥပါယ်တံမျဉ် ရုပ်ရှင်အပြီး ဒုတိယတင်ဆက်မှုအနေဖြင့်သာ ရောက်ရှိခွင့်ရခဲ့သည်။ တစ်နည်းအားဖြင့် ပရိသတ်များ၏ ဝန်းရံမှုကြောင့် ရုံပေါ်သို့ ရောက်ရှိလာသော ရုပ်ရှင်ဇာတ်ကားဟု ဆိုရမည်။

ဇာတ်လမ်းကို အပိုင်းခွဲကြည့်သည့်အခါ အဓိကတည်နေရာ သုံးခုနှင့် ဇာတ်လမ်းအကြောင်းအရာ သုံးခုပါဝင်နေပြီး ဇာတ်လမ်းအပိုင်းတစ်ခုစီတိုင်းတွင် ပရိသတ်အာရုံကိုဆွဲခေါ်နိုင်မည့် ဇာတ်တက်ပိုင်း (climax) တစ်ခုစီပါဝင်နေသည်ကို သတိထားမိခဲ့သည်။ ဇာတ်လမ်းအပိုင်းတစ်ခုနှင့်တစ်ခု၏ ဆက်စပ်မှုနောက်တွင် ဇာတ်လမ်း၏အကြောင်းအရာပါ ပိုမိုကျယ်ပြန့်လာပြီး ပရိသတ်၏စိတ်ဝင်စားမှုအရှိန်ကို ဖြည်းဖြည်းချင်း မြင့်တက်လာစေသည်။

ဇာတ်လမ်း၏ ပထမပိုင်းတွင် အဓိကဇာတ်ကောင်ဂျေဒန် (Jaden William)နှင့် နှင်းသူဇာတို့၏ တွေ့ဆုံမှုများကို ကြည့်ရှုခံစားရသည်။ ဘာသာတရားပေါ် သက်ဝင်ယုံကြည်မှုရှိသော မြန်မာမလေး နှင်းသူဇာနှင့် ဘာသာမဲ့တစ်ဦးဖြစ်သူ ဂျေဒန်တို့ကြားက နားလည်မှုအလွဲများသည် ပရိသတ်ကို ပြုံးရယ်စေသည်။

ဘာသာတရားနှင့် လူနေမှုစနစ်ကြားက ဆက်နွှယ်မှုများ၊ ပုဂံနံရံဆေးရေးပန်းချီများ၊ ပုဂံခေတ် ဂီတ၊ အကအလှများကို ဆက်စပ်ဖော်ပြထားသည့် ပုဂံဒေသ၏ ဇာတ်ဝင်ခန်းများတွင် ဇာတ်ဆောင် နှစ်ဦး၏ အတွေးများနှင့် ခံစားမှုများမှတစ်ဆင့် ပရိသတ်စိတ်ဝင်စားစေရန် ရိုက်ကူးတင်ပြထားသည်။

အထူးသဖြင့် သုဝဏ္ဏသာမဇာတ်ကို ပြောပြနေသည့် ဇာတ်ဝင်ခန်းတွင် ရုပ်သေးအနုပညာကိုအသုံးချ၍ ပရိသတ်စိတ်ကို ငြီးငွေ့မှုမဖြစ်စေရန် ရိုက်ကူးတင်ဆက်ထားခြင်းကြောင့် ဒါရိုက်တာ ခရစ္စတီးနားခီ၏ ဇာတ်လမ်းဖန်တီးမှုနှင့် တင်ဆက်ပြသမှု အရည်အသွေးကို ရုပ်ရှင်ကြည့်နေစဉ် အသိအမှတ်ပြု ချီးကျူးမိသည်။

ဇာတ်လမ်း၏ ဒုတိယအပိုင်းနှင့် တတိယအပိုင်းတွင် မန္တလေးဒေသပတ်ဝန်းကျင်နှင့် အင်းလေးဒေသပတ်ဝန်းကျင်များကို ကြည့်ရှုခံစားရပြီး ဒေသတစ်ခုချင်းစီ၏ အထင်ကရပုံရိပ်များကို အလေးပေးထည့်သွင်းထားသည်။ သတိထားမိသည်က မန္တလေးဇာတ်ဝင်ခန်းများတွင် ဇာတ်ဆောင်နှစ်ဦး၏ သွားလာရေးအတွက် မန္တလေးပုံရိပ်တစ်ခုဖြစ်သော စက်ဘီးများကို အသုံးပြုရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ရုပ်ရှင်ကြည့်နေစဉ် သတိထားမိသော အချက်တချို့ရှိပါသည်။ ၎င်းတို့မှာ အကယ်ဒမီ ဆွေဇင်ထိုက် မိတ်ဆက်ပြောပြပေးသည့် မြန်မာမုန့်များ၏ အရသာအကြောင်း၊ ထန်းတောထဲတွင် မြင်ရသည့် ထန်းတက်သမားတို့၏ အလေ့အထမြင်ကွင်းနှင့် ဂျေဒန် မြည်းစမ်းခဲ့သော ထန်းရည်အချိုအကြောင်းများ ဖြစ်သည်။ ထို့ပြင် ဂျေဒန်သည် ကပြားဖြစ်သည်ဟု ဖော်ပြထားခြင်းကြောင့် မြန်မာပြည်တွင် လူမျိုးစုများရှိကြောင်း ရုပ်ရှင်က ဖော်ပြလိုဟန်ရှိသည်ဟု ချဲ့ကားတွေးတောမိခဲ့သည်။

ဇာတ်လမ်းကပေးထားသည့် အကြိုက်ဆုံးအချက်ကို ဆွဲထုတ်ဖော်ပြရလျှင် “ယုံကြည်မှုတစ်ခုနှင့် သစ္စာတိုင်တည်သောအခါ ထိုသစ္စာတရား၏ အကျိုးကိုခံစားခွင့်ရရှိသည်” ဟူသောဖော်ပြချက် ဖြစ်သည်။

ဇာတ်လမ်းအကြောင်းပြောပြီးသောအခါ ဇာတ်ဆောင်များအကြောင်း အနည်းငယ်ပြောကြည့်ချင်ပါသည်။ အဓိကဇာတ်ဆောင်အဖြစ် သရုပ်ဆောင် ဇဏ်ခီက ပါဝင်ထားပြီး မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသား ဂျေဒန်ဝီလျံအဖြစ် ဇာတ်ကား စ၊ လယ်၊ အဆုံးအထိ အင်္ဂလိပ်ဘာသာစကားဖြင့်သာ သရုပ်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

ဇဏ်ခီသည် ပထမဇာတ်ကားဖြစ်သော ဥပါယ်တံမျဉ်ရုပ်ရှင်မှ မင်းထက် ဇာတ်ကောင်စရိုက်ထက် ဂျေဒန် ဇာတ်ကောင်စရိုက်နှင့် ပိုမိုလိုက်ဖက်မှုရှိသည်ကို တွေ့ရသည်။ မင်းထက်ဇာတ်ဆောင်စရိုက်ကို ပုံဖော်စဉ်က မြန်မာစကား လေယူ၊ လေသိမ်း၊ အတက်၊ အကျများတွင် လိုအပ်ချက်ရှိသည်ဟု ထင်မြင်မိပြီး တချို့ဇာတ်ဝင်ခန်းများ၌ စကားပြောဟန်သည် မျဉ်းဖြောင့်တစ်ကြောင်းကဲ့သို့ တန်းနေသည်ဟု ခံစားမိခဲ့သည်။

ထိုရုပ်ရှင်ထဲတွင် အဓိကဇာတ်ကောင် နှင်းသူဇာအဖြစ် သရုပ်ဆောင်ပေးသော လှယဉ်ကျေးအကြောင်း ဆက်ပြောကြည့်ချင်သည်။ မျက်နှာသစ်သရုပ်ဆောင်တစ်ဦး ဖြစ်သော်လည်း ပရိသတ်အာရုံကို ဖမ်းယူနိုင်ခဲ့သော သရုပ်ဆောင်ကောင်းတစ်ဦးအဖြစ် ရှုမြင်မိသည်။ ပျော့ပျောင်းနူးညံ့သော ကဟန်များ၊ မြန်မာမိန်းကလေးတစ်ဦး၏ ဣန္ဒြေရှိသောအလှနှင့် ဆင်ခြင်တုံတရား၊ ပညာတတ်မိန်းကလေးတစ်ဦး၏ လိမ္မာပါးနပ်မှုများကို ပီပြင်အောင် သရုပ်ဆောင် ပြသနိုင်ခဲ့သည်။ ထို့ကြောင့် မုဒြာရဲ့ခေါ်သံ ရုပ်ရှင်ကိုကြည့်ပြီးသောအခါ ဒါရိုက်တာ ခရစ္စတီးနားခီ၏ ဇာတ်ဆောင်ရွေးချယ်မှု အတတ်ပညာကို ချီးကျူးလေးစားမိခဲ့သည်။

ထို့ပြင် ဇာတ်လမ်းတွင် ပါဝင်သူ ဇာတ်ကောင်တိုင်းသည် ဇာတ်လမ်း၏အရွေ့ကို သယ်ဆောင်ပေးနိုင်ကြသည်။ ယင်းကြောင့် ဇာတ်ဆောင်တစ်ဦးချင်းစီတိုင်းသည် ဇာတ်လမ်း၏ အရေးပါသောဇာတ်ကောင်များဖြစ်လာပြီး ပါဝင်သရုပ်ဆောင်သူ ဇာတ်ပို့အားလုံးအတွက် ပရိသတ်တစ်ဦးအနေဖြင့် ရုပ်ရှင်ကြည့်ရင်း ကျေနပ်ပီတိဖြစ်ခဲ့ရသည်။

နိဂုံးချုပ်ဆိုရလျှင် မုဒြာရဲ့ခေါ်သံ ရုပ်ရှင်ဇာတ်ကားသည် နိုင်ငံတကာရုပ်ရှင်ဇာတ်ကားများနှင့် နှိုင်းယှဉ်ပါက အကောင်းဆုံးအရည်အသွေးဖြင့် ပွဲထွက်လာသော ရုပ်ရှင်တစ်ကားမဟုတ်သော်လည်း နိုင်ငံတကာရုပ်ရှင်နယ်ပယ်တွင် စတင်ခြေချခွင့်ရခဲ့သော မြန်မာ့ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ တစ်နည်းဆိုရလျှင် နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာအကြောင်းပြောပြသော မြန်မာ့ရုပ်ရှင်ဇာတ်ကားဖြစ်သည်ဟု ဆိုချင်ပါသည်။

# လက်ထပ်လိုက်ပြီဖြစ်တဲ့ ဂျိုဟွန်ဂျေး



တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသား တစ်ဦးဖြစ်တဲ့ ဂျိုဟွန်ဂျေးဟာ လက်ထပ်လိုက်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ် ၂၄ ရက်က လက်ထပ်ပွဲဆင်နွှဲခဲ့တဲ့ မင်းသားဟာ မီဒီယာတွေရှေ့ ပေါ်ထွက်လာချိန်မှာတော့ တစ်ကိုယ်တည်းဖြစ်ကာ သတို့သမီးကိုတော့ မီဒီယာတွေရဲ့ မျက်လုံးတွေအောက် မရောက်အောင် ဖုံးကွယ်ထားခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျိုဟွန်ဂျေးဟာ သူ့ရဲ့သတို့သမီးနဲ့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း စတင်တွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် မင်းသားက ဇနီးလောင်းကို အများရှေ့ ထုတ်ဖော်လာခြင်းမရှိသလို သူတို့နှစ်ဦးရဲ့ ဇာတ်လမ်းကိုလည်း လျှို့ဝှက်ထားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့ရတဲ့အကြောင်းကတော့ ဂျိုဟွန်ဂျေးရဲ့ လက်တွဲဖော်ဟာ အနုပညာအသိုင်းအဝိုင်းမှမဟုတ်ဘဲ သာမန်အမျိုးသမီးတစ်ဦးသာ ဖြစ်တာကြောင့်ဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျိုဟွန်ဂျေးရဲ့ ဇနီးဖြစ်သူဟာ ယခင်က ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်ပြီး လက်ရှိမှာတော့ ကိုယ်ပိုင်စီးပွားရေးလုပ်ဆောင်နေသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဂျိုဟွန်ဂျေးကတော့ အိမ်ထောင်သည်တစ်ဦးဖြစ်ခဲ့ပြီးနောက်မှာလည်း အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# မြောက်ကိုရီးယားမှာ သွားရောက်ဖျော်ဖြေမယ့် ဆိုးဟွန်



ကျော်ကြားတဲ့ ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ ဆိုးဟွန်ဟာ မြောက်ကိုရီးယားမှာ ကျင်းပသွားမယ့် ဖျော်ဖြေပွဲမှာတော့ တောင်ကိုရီးယားတေးသံရှင်တစ်ဦးအဖြစ် သွားရောက်ဖျော်ဖြေမှာဖြစ်ပါတယ်။ တောင်ကိုရီးယားအနုပညာရှင်အဖွဲ့နဲ့အတူ သွားရောက်ဖျော်ဖြေမှာဖြစ်ပြီး ဆိုးဟွန်နဲ့အတူ “Red Velvet”တေးဂီတအဖွဲ့လည်း လိုက်ပါဖျော်ဖြေမှာ ဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“Girls' Generation”ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာခရီးစတင်လာခဲ့တဲ့ ဆိုးဟွန်ဟာ လက်ရှိမှာတော့ အဖွဲ့ကနေ နုတ်ထွက်လိုက်ပြီး တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ်လည်း ရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်ခွင့်ရခဲ့ပြီး ထူးချွန်ဆုတွေကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒေသတွင်းမှာသာမက အာရှမှာ အလွန်ကျော်ကြားတဲ့ ဆိုးဟွန်ဟာ မြောက်ကိုရီးယားဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေရုံသာမက အစီအစဉ်တင်ဆက်သူအဖြစ်လည်း ပါဝင်သွားမှာ ဖြစ်ပါတယ်။ ဆိုးဟွန်ဟာ တောင်ကိုရီးယားရော မြောက်ကိုရီးယားမှာပါ ပရိသတ်တွေ အထူးနှစ်သက်အားပေးတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တာကြောင့် ယခုလို ပါဝင်ခွင့်ရခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုဖျော်ဖြေခွင့်ရခဲ့တာနဲ့ပတ်သက်ပြီး ဆိုးဟွန်က မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာ သူ့ရဲ့ခံစားချက်တွေကို ရင်ဖွင့်ခဲ့ပါတယ်။ ဆိုးဟွန်က “ဒီဖျော်ဖြေပွဲရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခွင့်ရခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်၊ တကယ့်ကိုအရည်အချင်းရှိတဲ့ အနုပညာရှင်ကြီးတွေနဲ့ တွဲဖက်ဖျော်ဖြေရမှာဖြစ်တဲ့အတွက်လည်း အလွန်ကို စိတ်လှုပ်ရှားမိပါတယ်”လို့ ဖြေကြားခဲ့ပါတယ်။ ဆိုးဟွန်ဟာ အဆိုပါဖျော်ဖြေပွဲမှာ မြောက်ကိုရီးယားတေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Blue Willow Tree”ကို သီဆိုဖျော်ဖြေသွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။ ဆက်လက်ပြီး ဆိုးဟွန်က သူ့အနေနဲ့ တာဝန်ကြီးကြောင်းနဲ့ အကောင်းဆုံးလုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း ဆိုပါတယ်။ ဒ့ါအပြင် သူဟာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဒါဟာ ဆိုးဟွန်အတွက်တော့ မြောက်ကိုရီးယား အနုပညာရှင်တွေအကြား ပထမဆုံးတွဲဖက်ဖျော်ဖြေခဲ့ရတာတော့ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့တဲ့ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲမှာ လာရောက်ဖျော်ဖြေခဲ့တဲ့ မြောက်ကိုရီးယားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ဆမ်ဂျီယွန်းတေးဂီတအဖွဲ့နဲ့ တွဲဖက်ဖျော်ဖြေခဲ့ဖူးပါတယ်။ ဒီလိုဖျော်ဖြေခဲ့ရာမှာတော့ ဆိုးဟွန်က “Let’s Meet Again”နဲ့ “Our Wish”တေးသီချင်းတွေကို သီဆိုခဲ့ပြီး အဆိုပါတေးဂီတအဖွဲ့နဲ့ မြောက်ကိုရီးယား ဖျော်ဖြေပွဲမှာ ပြန်လည်တွေ့ဆုံဦးမှာလည်း ဖြစ်ပါတယ်။ ကေပေါ့ပ်ကြယ်ပွင့်တွေရဲ့ မြောက်ကိုရီးယားဖျော်ဖြေပွဲကိုတော့ ဧပြီ ၁ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး နှစ်နာရီကြာ ဖျော်ဖြေတင်ဆက်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။
(စာတည်း)

## သမိုင်းထဲက မဟာအာဇာနည် သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း




ယနေ့ခေတ်လူငယ်များ သိဖို့၊ မှတ်ဖို့၊ လေ့လာဖို့ စတုတ္ထမြန်မာနိုင်ငံခေါင်းဆောင်အကြောင်း သိရှိနိုင်စေရန် စာရေးသူ အမျိုးသားစာပေဆုရ မောင်မြင့်ထွန်းစီစဉ်သည့် သမိုင်းထဲက မဟာအာဇာနည် သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း စာအုပ်ထွက်ရှိလာသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သောရဲဘော်သုံးကျိပ်တို့၏ကျေးဇူးကြောင့် ဖက်ဆစ်တို့လက်အောက်မှ လွတ်မြောက်ခဲ့ရပြီး မြန်မာတစ်မျိုးသားလုံး မျှော်လင့်တောင့်တခဲ့သော လွတ်လပ်ရေးကြီးကို ရရှိခဲ့သဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ကျေးဇူးသည် လွန်စွာကြီးမားလှသည်။ဗိုလ်ချုပ်အောင်ဆန်း၏ ပကတိအခြေခံဗီဇနှင့်အတူ ကြုံတွေ့လာသော အခြေအနေ ဖြစ်ရပ်တို့အပေါ် မူတည်၍ ရဲဝံ့စွာထွက်ပေါ်လာသည့် သူရဲကောင်းတို့၏ စိတ်ဓာတ်နှင့် စွမ်းဆောင်နိုင်မှုအရည်အချင်းပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အမှတ်သညာပြုရမည့် သင်္ကေတလေးခုမှာ ပေးဆပ်ခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းနှင့် မှန်ကန်ရဲရင့်ခြင်းစသည့် အရည်အချင်းများကို ယနေ့ခေတ်လူငယ်သိရှိနိုင်စေရန် ရေးသားထားသည်။

စာအုပ်ကို 'နေစေးစာပေ' အမှတ်-၁၉၅၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၆၂၅နှင့် ၀၁-၃၈၇၆၀၆တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိသည်။

## မြန်မာ့ဒီမိုကရေစီပုံစံသစ် အထင်ကရဖြစ်ရပ်များ




မြန်မာနိုင်ငံတွင်လက်ရှိဖွဲ့စည်းပုံအရ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့်ထိန်းကျောင်းထားကြောင်း စာရေးသူ နောင်ရဲဦးစီစဉ်သည့် မြန်မာ့ဒီမိုကရေစီပုံစံသစ် အထင်ကရဖြစ်ရပ်များစာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၂၀၀၈ အသက်ဝင်လာခြင်းအဖြစ် ၂၀၁၁ခုနှစ်မှစ၍ လွှတ်တော်နှင့် အစိုးရ၊ လွတ်လပ်သော အရေးအသားနှင့် ဆန္ဒဖော်ထုတ်မှုများ၊ အင်အားစုအသီးသီး၏ ဆွေးနွေးငြင်းခုံမှုများကို တွေ့မြင်ခဲ့ရသည်။ ပထမငါးနှစ်သက်တမ်းကာလတွင် သမ္မတဦးသိန်းစိန်အစိုးရနှင့် ဦးရွှေမန်း ဦးဆောင်သောလွှတ်တော်တို့ ပြင်းပြင်းထန်ထန် အားပြိုင်ခဲ့ကြသည်မှာ စစ်ဘက်က အာဏာရယူနိုင်သည့် အနေအထား အထိဖြစ်ခဲ့သည်ကိုတွေ့ရသည်။ မြန်မာ့အခင်းအကျင်းသစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်ပိုင်း အားပြိုင်မှုများ၊ စစ်ဘက်၏ စည်းမျဉ်း အသက်ဝင်ရေးကြိုးပမ်းမှုများ၊ NLD ပါတီ အင်အားကောင်းလာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့်အစိုးရ ဖွဲ့စည်းနိုင်ခဲ့ခြင်း စသည့်အကြောင်းအရာများကိုရေးသားထားသည်။

စာအုပ်ကို 'လထက်နေစာပေ' အမှတ်-၂၈၊ သံ-၁ လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## ပဋ္ဌာန်းပညာဝါရ ပါဠိတော် ဝတ်ရွတ်စဉ်





စီးပွားရေးလာဘ်လာဘများ ဒီရေအလားတိုးတက်စေနိုင်ရန် စာရေးသူ ဦးအောင်ခိုင်မြင့် စီစဉ်ပူဇော်သည့် ပဋ္ဌာန်းပညာဝါရ ပါဠိတော် ဝတ်ရွတ်စဉ် စာအုပ်ထွက်ရှိလာသည်။

ပဋ္ဌာန်ပညာဝါရသည် ရှေးကဆရာတော်ကြီးများ စီစဉ်ပိုင်းဖြတ်စီမံကာ အစဉ်အဆက်ရွတ်ဆိုပူဇော်ခဲ့ကြသော ထူးခြားသည့် ရွတ်ပွားပူဇော်မှု တစ်ရပ်ဖြစ်သည်။ ကြားကာလတစ်ခု အဆက်ပြတ်သွားပြီးမှ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီးက ပြန်လည်ဖော်ထုတ်ပူဇော်ခဲ့ခြင်း ဖြစ်သည်။ ဆရာတော်ကြီးက ပဋ္ဌာန်းပညာဝါရကို ပဋ္ဌာန်း ငါးကျမ်းတွဲမှ ထုတ်နုတ်ကာ သီးခြားစုပေါင်း၍ကူးယူပူဇော်ခဲ့သည်။ ပညာဝါရ၊ ဝိဘင်္ဂကို နေ့ညမခြား ၄၉ ရက်ပွားပါက မန္တာန်ဝိဇ္ဇာ၊ လူမှာထင်ရှား၊ မြတ်. . . ငြား၏။ တစ်နေ့တစ်ခါ ရွတ်ဆိုပါက ရောဂါဘယကင်းစင်ပပျောက်ပြီး နတ်မနှောက်နိုင်၊ မိမိကိုယှဉ်ပြိုင်လာသူများကိုအနိုင်ရရှိမည်ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်များလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို 'မဇ္ဈိမစာပေ' အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁-၈၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၈၀၀ ဖြင့် ဖြန့်ချိသည်။

## ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ်(၁)





ကမ္ဘာတစ်လွှားရှိ နိုင်ငံများနှင့် လူမျိုးများ၏ ပုံပြင်များကိုဖတ်ရှုနိုင်စေရန် စာရေးသူ မိုးဇော်စိုး စီစဉ်သည့် ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ်(၁) စာအုပ်ထွက်ရှိလာသည်။

ကမ္ဘာတစ်လွှားရှိ နိုင်ငံများနှင့် လူမျိုးများ၏ပုံပြင်များကို ဖတ်ရှုရာမှတစ်ဆင့် ထိုနိုင်ငံများနှင့် လူမျိုးများ၏ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများကို ရင်းနှီးကျွမ်းဝင်သိရှိသွားမည်ဖြစ်ပြီး ပုံပြင်တွင်ပါသည့် တိရစ္ဆာန်များထဲမှ ကြားဖူးသိဖူးသည့် တိရစ္ဆာန်များ ပါဝင်သလို လုံးဝမကြားဖူး မတွေ့ဖူးသေးသည့် တိရစ္ဆာန်များလည်းပါရှိသည့်အတွက် ဗဟုသုတများစွာရရှိနိုင်မည်ဖြစ်သည်။ ကမ္ဘာတစ်လွှားက ပုံပြင်များကိုဖတ်ပြီး ကမ္ဘာတစ်လွှားကို အလည်အပတ်သွားရသကဲ့သို့ အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။ အဆိုပါစာအုပ်တွင် နိုင်ငံပေါင်း ၁၉ နိုင်ငံ၏ ပုံပြင်ပေါင်း အပုဒ်၂၀ကို ထည့်သွင်းဖော်ပြထားသောကြောင့် ကလေးသူငယ်များ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို 'ဧပြီဦး စာပေတိုက်' တိုက်-၁၂၊ အခန်း-၆၄၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၆၀၂၆၉ နှင့် ၀၉-၇၇၀၈၅၀၄၆၄ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## Teach Yourself Visually





စာရေးသူ Aung Myint (M.E., Australia) ရေးသားပြုစုသည့် Teach Yourself Visually MATLAB စာအုပ်ထွက်ရှိလာသည်။

Teach Yourself Visually MATLAB စာအုပ်ကို သိပ္ပံနှင့် နည်းပညာတက္ကသိုလ်များတွင် သင်ကြားနေသော MATLAB programming ဘာသာရပ်အတွက် သင်ထောက်ကူအဖြစ် ရေးသားပြုစုထားသည်။ သင်ခန်းစာများကို စာဖတ်သူများအနေဖြင့် လွယ်ကူစွာ လေ့လာနိုင်စေရန် ကွန်ပျူတာ screenshot များအသုံးပြု၍ စာရေးသူကကြိုးစားတင်ပြထားသည်။ solved exercise များကို စာအုပ်နှင့်အတူ companion CD ထဲမှာ ထည့်သွင်းပေးထားသည်။ classroom learning နှင့် computation အတွက် အလွန်ကောင်းမွန်သော advanced computing tool တစ်ခုဖြစ်သည်။ MATLAB နှင့် symbolic computing လုပ်နိုင်သော Symbolic math toolbox MuPAD အကြောင်း၊ graphical dynamic simulation လုပ်နိုင်သော Simulink အကြောင်းများကို စုံလင်စွာရေးသားထားသည်။

စာအုပ်ကို 'အောင်မြင်စာပေ' အမှတ် (၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၁၇၄၅နှင့် ၀၁-၅၅၂၁၀၃ တို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။

## မက်ခီယာဗယ်လီ၏ မင်းသား





စာရေးဆရာ ကျော်ထက်ထွန်း မြန်မာပြန်ဆိုသည့် မက်ခီယာဗယ်လီ၏ မင်းသားစာအုပ် ထွက်ရှိလာသည်။

နယ်မြေဒေသကြီး အမျိုးအစားမည်မျှ များများစားစားရှိသနည်း၊ သည်နယ်မြေ ဒေသကြီးများအား ဘယ်ပုံဘယ်နည်းဖြင့် ရခဲ့သနည်း၊ မျိုးရိုးစဉ်ဆက် အုပ်ချုပ်ခံ နယ်မြေဒေသကြီးများနှင့် စပ်လျဉ်း၍ ပူးပေါင်းနယ်မြေဒေသကြီးများနှင့် စပ်လျဉ်း၍ ဒါးရီးယပ်စ်ဘုရင်နိုင်ငံတော်ကို အလက်ဇန္ဒား ဘာ့ကြောင့်အောင်နိုင်ခဲ့သနည်း၊ အလက်ဇန္ဒား နတ်ရွာစံပြီးနောက် အရိုက်အရာခံသူများအား ဘာကြောင့် မပုန်ကန်ခဲ့သနည်း၊ မြို့ကြီးပြကြီးများ သို့မဟုတ် နယ်မြေဒေသများအား အုပ်ချုပ်ခြင်းနှင့် စပ်လျဉ်း၍ သိမ်းပိုက်မခံရမီက မိမိတို့ကိုယ်ပိုင်ဥပဒေနှင့် အုပ်ချုပ်ခဲ့သော နယ်မြေများ၊ တစ်ကိုယ်တော်၏ လက်နက်အင်အားနှင့် အစွမ်းအစများဖြင့် သိမ်းပိုက်ရယူခဲ့သော နယ်မြေများနှင့် စပ်လျဉ်း၍စသည့် အကြောင်းအရာများကို ထည့်သွင်းရေးသားထားသည်။

စာအုပ်ကို 'ယဉ်မျိုးစာပေ' အမှတ်-၂၇၄ B၊ လမ်း-၄၀ (အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၇၃၂၀၁၅၈၆နှင့် ၀၉-၇၉၅၂၆၇၈၃၄ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## Page Maker 7.0




စာစီစာရိုက်လုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေရေးလောကနှင့် ရုံးအဖွဲ့အစည်းများမှာ ယနေ့တိုင်ခေတ်စားနေသော ကွန်ပျူတာနှင့် စာစီစာရိုက်လို့ အကောင်းဆုံးဆိုသည့် စာရေးသူအောင်မြင့် (M.E.,Australia) စီစဉ်သည့် Page Maker 7.0 စာအုပ် ထွက်ရှိလာသည်။

စာစီသည့်နေရာ၊ စာမျက်နှာဖွဲ့သည့်နေရာများတွင် Page Maker ၏အစွမ်းသည်တစ်မူထူးခြားသည်။ ထို့ကြောင့် ကွန်ပျူတာလောကတွင် ဘယ်ကွန်ပျူတာအမျိုးအစားကိုပဲသုံးသုံး IBM PC မှာရော၊ Mac မှာပါ Page Maker သည် နေရာအပြည့်ယူထားပြီး DTP လုပ်ငန်းရှင်များသည်လည်း Page Maker ကို လုံးဝလက်မလွှတ်ဘဲသုံးစွဲနေကြသည်။ Thesis ပဲရိုက်ရိုက်၊ မဂ္ဂဇင်းပဲလုပ်လုပ်၊ ဂျာနယ်ပဲထုတ်ထုတ် Page Maker ဖြင့် လွယ်ကူစွာပြုလုပ်နိုင်သဖြင့် ကွန်ပျူတာလေ့လာလိုသူများ ဖတ်ရှုလေ့လာသင့်သောစာအုပ်ဖြစ်သည်။

စာအုပ်ကို 'အောင်မြင်စာပေ' အမှတ် (၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၁၇၄၅နှင့် ၀၁ ၅၅၂၁၀၃တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## မြန်မာနိုင်ငံရှိ မြွေအမျိုးမျိုးအကြောင်းနှင့် မြွေဆိုးအန္တရာယ်ကာကွယ်ရေးလမ်းညွှန်




မြွေအန္တရာယ်ကင်းဝေးစေရန် စာရေးသူပဉ္စလက်ကိုခိုင် စီစဉ်ရေးသားသည့် မြန်မာနိုင်ငံရှိမြွေအမျိုးမျိုးအကြောင်းနှင့် မြွေဆိုးအန္တရာယ် ကာကွယ်ရေး လမ်းညွှန်စာအုပ် ထွက်ရှိလာသည်။

မြန်မာ့ကျေးလက်တောရွာများတွင် ဂိုဏ်းဆေးဆရာများမှ မြွေနိုင်ဆေး၊ မြွေဆိပ်ပြီးဆေးဟုဆိုကာ ဂိုဏ်းဆေးများထိုးပေးတတ်ကြပြီး အမှန်မှာ မြွေအန္တရာယ်ကို ကာကွယ်ရန် မြွေဆိုးမိမိရရအကိုက်ခံရပါက အချိန်မီ မြွေဆိပ်ဖြေဆေးထိုး၍ ကုသခြင်းသာလျှင် အထိရောက်ဆုံးဖြစ်သည်။

မြွေဆိပ်ဖြေဆေးသည် အဆိပ်ရှိသောမြွေများ၏ အဆိပ်များမှ ခေတ်မီ နည်းစနစ်များအသုံးပြု၍ ထုတ်လုပ်ထားခြင်းဖြစ်ကာ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် မြွေပွေး (သို့) မြွေဟောက်၏အဆိပ်ကို မြင်းများ၏ခန္ဓာကိုယ်အတွင်းသို့ ထိုးသွင်းပြီး ယင်းမှတစ်ဆင့် မြွေဆိပ်ဖြေဆေးပြန်လည်ထုတ်ယူခြင်း ဖြစ်သည်။ အဆိုပါစာအုပ်တွင် မြွေများ၏ရုပ်ပုံများနှင့်တကွ ဖော်ပြထားသဖြင့် လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို 'ဧပြီဦး စာပေတိုက်'၊ တိုက်-၁၂၊ အခန်း-၆၄၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၆၀၂၆၉ နှင့် ၀၉-၇၇၀၈၅၀၄၆၄ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

68 RESIDENCE

WE DEFINE LIFESTYLE

# နေပြည်တော်အိမ်ခြံမြေပြပွဲနှင့်ဟောပြောပွဲ

၂၀၁၈ခုနှစ် မတ်လ(၃၀)ရက် မှ ဧပြီလ(၁)ရက်

ရွှေနန်းတော်နေပြည်တော်ပဲလေ့စ်ခန်းမ

# Home Loan Launch @ Novotel Hotel

၂၀၁၈ခုနှစ်မတ်လ(၃၁)ရက်မှ ဧပြီလ(၂)ရက်

SHWEPROPERTY.COM

DEVELOPED BY: UNITED GP Development by GOLDEN PALACE

ကမ္ဘာ့အေးဘူရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ INTERNATIONAL COMPANY များဖြင့် တည်ဆောက်ထားသည့်

မြန်မာ့ပထမဦးဆုံး ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SOMERSET SERVICED RESIDENCE

**68 Residence Show Room:(44/A), Sayar San Road, Bahan Township, Yangon.**







- **Concrete Slab 10** ပေထုနှင့် **Shear Wall System** တို့ဖြင့် ငလျင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်အောင် တည်ဆောက်ထားခြင်း။
- ရန်ကုန်မြို့၏ကားကျပ်တည်းမှုအခက်အခဲကိုဖြေရှင်းပေးမည့် အပြိုင်လမ်း (**Parallel** လမ်း) စနစ်ပါရှိခြင်း။
- အပူဒဏ်နှင့်အသံ၏ဆူညံမှုတို့ကို **(79%)** အထိလျော့ချနိုင်သည့် မှန်နှစ်ထပ် **(Low E glass system)** ပါရှိခြင်း။
- အလိုအလျောက်မီးငြိမ်းသတ်စနစ် **(Sprinkler system)** နှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ် အပြည့်အစုံထည့်သွင်းထားခြင်း။
- ရန်ကုန်မြို့၏ရှုခင်းကို **(360ဒီဂရီ)** ကြည့်ရှုနိုင်သည့် **Infinity Sky swimming pool** နှင့် **Garden** တို့ပါရှိခြင်း။
- ကမ္ဘာကျော်အမှတ်တံဆိပ်များနှင့်ထူးခြားခမ်းနားဆန်းသစ်သည့်လူနေမှုစနစ်ဖြင့် နေထိုင်နိုင်ရန်စီစဉ်ထားခြင်း။

ငွေလက်ငင်းချေ
**1Sqft - 315$**

ငွေတစ်ဝက်ချေ
**1Sqft - 335 $**

ပုံမှန်ဝယ်ယူ
**1Sqft - 350 $**

အိမ်ထောင်ပရိဘောဂအပြည့်အစုံ
အဆင့်သင့်နေထိုင်နိုင်
တစ်ထပ်မြင့်တိုင်း – (0.5%)စီတိုးမြှင့်
(၁၀)နှစ်မှ(၁၅)နှစ်အထိ
အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်

PARTNERS

SOILBUILD GROUP HOLDINGS LTD · KBZ BANK STRENGTH OF MYANMAR · SOMERSET SERVICED RESIDENCE Managed by The Ascott Limited · SJ SURBANA JURONG · ZONE · Falcon · QUAN DAT ALUMINIUM FACADE · BINTAI

အသေးစိတ်အချက်အလက်များကို – www.shweproperty.com/68-residence တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

Show Room -(44/A),Sayar San Road, Bahan Township,Yangon, Myanmar.ph - 09 73040513, 09 450694079, 09-425 310993

**MRESA** **ARENA**

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း ဆဋ္ဌမအကြိမ်နှစ်ပတ်လည်အသင်းသားစုံညီသင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းကြီး၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် မြန်မာ့အိမ်ခြံမြေကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အကျိုးဆောင်များ၏ အခန်းကဏ္ဍ ပိုမိုမြင့်မားစေရေးအတွက် **Prof: Dr အောင်ထွန်းသက်** နှင့် **အာဆီယံနိုင်ငံအလိုက် ဥက္ကဋ္ဌများ** မှ ဟောပြောဆွေးနွေးပွဲကို (၃၁. ၃. ၂၀၁၈) စနေနေ့ နံနက်(၈)နာရီခွဲတွင် **UMFCCI** ၊ အမှတ်(၂၉)မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများတက်ရောက်ကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။ ။ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ပါသည်။**

ရုံးခန်း -အဆောင်(C)၅-လွှာ(B)၊ညောင်ပင်လေးဈေး၊လမ်းမတော်လမ်း၊ ကမ်းနားလမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ လမ်းမတော်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
E-mail:mresamyanmar2012@gmail.com. Facebook:mresamyanmar
ဖုန်း- ၀၉-၃၁၃၂၈၂၇၂၊ ၀၉-၇၈၁၂၀၇၈၀၅၊ ၀၉-၇၈၁၂၀၇၈၀၆၊၀၉-၇၈၁၂၀၇၈၀၇

---

တောင်ငူဆရာတော်၏ရန်ကုန်တောင်ငူရိပ်သာ(၂)ဌာန၌
**ဧပြီ (၀၃)ရက် ညနေ(၄/၅)နာရီအရောက်လာပြီး(၀၇)ရက်**
**အိမ်ပြန်နိုင်သော (၅)ရက်အထူးသတိပဋ္ဌာန်သင်တန်း**

လူရယ် ဗုဒ္ဓဘာသာရယ်လို့ ဖြစ်လာပြီး ဒီသင်တန်းမျိုးကိုတက်ကို တက်ထားမှဗုဒ္ဓဘာသာတစ်ယောက်၏ အဖနေကောင်းအသေကောင်းဖြစ်မည်ဆရာတော်ကြီးနှင့် ရန်ကုန်ဟာမစ်တစ်မဟာစည်ရိပ်သာကြီးမှ နာယကဝန်ဆောင်ဆရာတော်များ ကြွရောက်ဟောကြားပြသွားမှာ ဖြစ်ကြောင်း အရည်အချင်းပြည့်ဝလိုသော ယောဂီ(၂၀၀)မျှသာ

ဆရာတော်နှင့် ဝန်ဆောင်များ/ရန်ကုန်တောင်ငူ
၀၉ - ၅၃၅၁၄၂၉

---

**NT Car Rental** 09 73139320 01 661668
ခရီးစဉ်မျိုးစုံနှင့်လချုပ် ကားမျိုးမျိုးငှားရန်ရှိသည်
ယာဉ်ပိုင်ရှင်များအားဖိတ်ခေါ်ပါသည်

**ဟိန်း** 01.2330054 095160048 09-782470755
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ
www.heincarrental.com

**KKL Car Rental**
ခရီးသွားကားစင်းလုံးငှားလုပ်ငန်း
Ph:09-5001347, 09-421070845

**U ZAY Car Rental**
ခရီးသွားကားစင်းလုံးငှားလုပ်ငန်း
09 42 111 6256
09 77 527 6011

---

အခန်းပေါင်း (၄၀၀)ကွန်ဒိုမီနီယံကြီးတွင် Site Engineer လုပ်ကိုင်ရန်အတွက် Cilvil Engineer (၅)ဦး၊ M&E Engineer (၃)ဦး၊ Senior QS Engineer (၁)ဦး အလိုရှိသည်။
လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိသူ ဦးစားပေးပါမည်။
စမ်းချောင်းမြို့နယ်တွင် အလုပ်ဆင်းရပါမည်။
နေစရာစီစဉ်ပေးပါမည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၇၁၁၃၃၄၄**

---

**ကံကြမ္မာငြိုပ်ဆိုးကြောင့်ကြွေလွင့်ခဲ့ရသော**
**ဒုတိယဗိုလ်ချုပ်ကြီး**
**တင်ဦး**
**သန်းဝင်းလှိုင်**




ဖြန့်ချိရေး – လဝန်းရိပ်စာပေ
ဖုန်း – ၀၉၅၁၅၅၁၉၅၊ ၀၉၄၂၁၀၄၁၆၀၁

---

**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
**မြေကွက်များဝယ်လိုသည်**
✳အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို✳
မညွန့် Ph: 01-2339310,01-2339355, 01-578044-01570721

---

ဗွဲ့ ဓမ္မ သံယံ
**ဗမာဆေးသုတ်အဖွဲ့**
(၁)ဓာပတ်လည် Unitex - 150,200,250,300
Orient - 250,300,350,400
Premier - 300,350,400,450
ICI - 350,450,700
Nippon - 400,500,750
ဆေးဝယ်စရာ + လက်ခ အပြီးအစီး
လက်စသီးသန့်လက်ခံသည်။
09-73174830, 09-5131799, 09-799901512

---

**ရောင်ခြည်သစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

---

**ကားငှား မျိုးစုံ**
Alphard,Hiace ၉/၁၃ယောက်စီး၊၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်၊
Ph:09795549249,095418126 09-795546884

---

Tr.Myo (B.Ed,M.Ed(Q), B.A(English),Dip in ELTM)
**************
Starter,Mover,Flyer,KET,PET
English Text & Grammar
Ph:09450017107

---

**"ရွှေစည်"**
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

---



## ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့်ကျေးဇူးတင်ရှိခြင်း

**Forever Gems by ရွှေနန်းတော်** ၂၀၁၇ခုနှစ် အကယ်ဒမီဆုချီးမြှင့်ပွဲတွင်
**အကယ်ဒမီနေတိုး** နှင့် **အကယ်ဒမီအိန္ဒြာကျော်ဇင်** ထပ်ဆင့်အကယ်ဒမီဆုရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ၂၀၁၇ခုနှစ် အကယ်ဒမီဆုချီးမြှင့်ပွဲတွင် မြန်မာ့ထိပ်တန်းရုပ်ရှင်သရုပ်ဆောင်များနှင့်ရွှေကြိုမောင်မယ်များ အစီအစဉ်ကြေညာသူများအား လက်ဝတ်ရတနာများဆင်မြန်းခွင့်ရရှိခြင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအားငွေကျပ်သိန်း(၁၀၀)လှူဒါန်း၍ အကယ်ဒမီရရှိသော အနုပညာရှင်(၁၃)ဦးကို(၁)ကျပ်သားရွှေဆွဲပြားများထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခွင့်ရသည့်အတွက် **Forever Gems By ရွှေနန်းတော်**မှ အထူးကျေးဇူးတင်ရှိပါကြောင်း -----

**ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ Forever Gems by ရွှေနန်းတော်**





PREMIER COFFEE

တို့ဌာနီ တို့မြန်မာပြည် မြန်မာတို့ရဲ့

# ပရီမီယာကော်ဖီ

မှ

မြန်မာ့နှစ်ဦးအကြို အလှူပွဲတော်အဖြစ်

စစုပေါင်း ရှင်အပါး (၁၀၀)ကို မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ ရဟန်းခံ၊ ရှင်ပြု အလှူပွဲတော်နှင့် စတုဒိသာ ကျွေးမွေးပွဲတို့ကို ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ပရီမီယာကော်ဖီ၏ စားသုံးသူမိတ်ဆွေ ပြည်သူအပေါင်း ပရီမီယာနှင့်အတူ လက်တွဲပါဝင် ကုသိုလ်ယူနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

## အလှူတော်မင်္ဂလာအစီအစဉ်

| | | |
|---|---|---|
| မဓ္ဓသဘင်တရားပွဲတော် | ✦ ✦ ✦ | ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့် (၁၅)ရက်၊ ၃၀.၃.၂၀၁၈ (စနေနေ့)၊ ည (၇း၃၀ မှ ၉း၀၀) နာရီ။ |
| အလှူတော်မင်္ဂလာနေ့ရက် | ✦ ✦ ✦ | ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁)ရက်၊ ၁.၄.၂၀၁၈ (တနင်္ဂနွေနေ့) အလှူဝင်၊ |
| | | ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၂)ရက်၊ ၂.၄.၂၀၁၈ (တနင်္လာနေ့) အလှူကြီး။ |
| အလှူတော်မင်္ဂလာအချိန် | ✦ ✦ ✦ | နံနက် (၇း၀၀) နာရီ မှ မွန်းတည့် (၁၂း၀၀) နာရီအထိ။ |
| အလှူတော်မင်္ဂလာနေရာ | ✦ ✦ ✦ | ၁၇ လမ်း၊ ၈၆ x ၈၇ လမ်းကြား၊ မဟာကုသိုလ်တော်ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ |

City Mart Supermarket

ဈေးဝယ်သူများအားလုံး မင်္ဂလာနှစ်သစ်မှာ အကျိုးရှိစေဖို့ အသက်သာဆုံးဈေးနှုန်းများဖြင့် ရောင်းချပေးမည့်အပြင်...

များများဝယ်၊ များများရမယ့် Saving Coupon များ

# မြန်မာ့နှစ်ဦး လက်ဆောင်

1st to 12th April, 2018

ကျပ် ၅၀,၀၀၀ဖိုး ဝယ်ယူတိုင်း ကျပ် ၁,၅၀၀ တန် Saving Coupon ၁စောင်၊

ကျပ် ၁၂၀,၀၀၀ဖိုး ဝယ်ယူတိုင်း ကျပ် ၄,၀၀၀ တန် Saving Coupon ၁စောင် လက်ဆောင်ရမည့်အခွင့်အရေး...

ဤအစီအစဉ်တွင် Gift Voucher, City Gift Card, Service Items, SIM Card, Prepaid Card, Liquor, Stage Show Ticket နှင့် စီးကရက် ဝယ်ယူမှုများ Promotion တွင် ပါဝင်ခွင့် မရှိပါ။

Aung San Branch Ph : 01-253022, 394765
47th Street Branch Ph : 01-200026, 298746
FMI City Branch Ph : 01-682323
Junction 8 Branch Ph : 01-650778
Yankin Center Branch Ph : 01-400284
Myay Ni Ghone Branch Ph : 01-510697
Zawana Branch Ph : 01-8564532
Shwe Mya Yar Branch Ph : 01-9000023 ~ 24
ChinaTown Point Branch Ph : 01-2315244, 2315560~63
Thamine Branch Ph : 01-654566~67
Junction Maw Tin Branch Ph : 01-218159
Junction Square Branch Ph : 01-527053
AKK Shopping Mall Branch Ph : 01-8500515
Star City Branch Ph : 056-23150~53
Shwe Pinlon Branch Ph : 01-581080, 580139, 8010246
19th Street Branch (Mandalay) Ph : 02-61120, 61240, 61287
South Dagon Branch Ph : 01-8100727 ~ 28
Waizayanda Branch Ph : 01-8565242, 8569687, 8565344
Ayer Wun Branch Ph : 01-9410181~85
Hledan Center Branch Ph : 01-2304407~09
Pinlon Sittaung Branch Ph : 01-8011346~350
Insein Phot Kan Branch Ph : 01-643594
Yae Kyaw Branch Ph : 01 290435, 291538
Min Ye Kyaw Swar Branch Ph : 01 2302568, 2302569

City Mart Supermarket Myanmar

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်(ခ)ဒေါ်ငွေလန် (၉၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ-ဆ-ပ-လ ရပ်ကွက်၊ တိုက်ဟောင်း(၆)၊ အခန်း(၆)နေ (ဦးစောရှိန်-ဒေါ်မမကြီး)၊ (ဦးဘစု-ဒေါ်အုန်းတင်)တို့၏သမီးချွေးမ၊ (ဦးခင်မောင်ကြီး)၏ ဇနီး၊ (ဦးအောင်ချွန်-ဒေါ်ညွန့်ညွန့်)၊ ဦးသန်းလွင်၊ ဒေါက်တာလှမြင့်၊ ဒေါ်ကြည်ကြည်၊ ဒေါက်တာသန်းဦး-ဒေါ်အရုပ်(ဟောင်ကောင်)၊ ဦးလှရှိန်-ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်နောင်တို့၏ အစ်မကြီး၊ [ဒေါ်ခင်ထားဦး(ပ-တ-ခ)]၊ (ဦးတင်ထွဋ်)-ဒေါ်ခင်ဝင်းကြည်၊ ဦးတင်ထူး-ဒေါ်ချိုချိုဝင်း၊ ဦးအောင်သန်းနိုင်-ဒေါ်နု၊ ဦးအောင်သန်းထွန်း-ဒေါ်သီသီအောင်၊ (ဒေါ်ခင်ခင်အေး)တို့၏မိခင်ကြီး၊ ဦးသူရထွန်း (မြို့နယ်ကော်မတီဝင်၊ ပြည်ခိုင်ဖြိုး)၊ ဦးရဲဝင်းပိုင်-မစန်းမာလာထွန်း၊ ဦးကျော်စိုး-မချိုကလျာထူး(ခ)ကလျာ (Super Man, Smart)၊ ကိုအောင်ရဲဟိန်း-မမိုးအိအိစိုး(ခ)အိတုံ၊ နိုနိုအောင်သန်းထွန်း၊ ပိုပိုအောင်သန်းထွန်း၊ မောင်မျိုးသီဟ၊ မြစ်ခုနစ်ယောက်၊ တီတစ်ယောက်တို့၏အဘွားသည် ၂၇-၃-၂၀၁၈(အင်္ဂါနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ပွား
### အသက်(၇၁)နှစ်
**သစ်ထုတ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၃၃၃)နေ (ဦးကျော်ရ-ဒေါ်ပြုံးမေ)တို့၏သမီး၊ (ဦးအုံးတင်-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ ဦးလှိုင်တင်(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ဇနီး၊ ဦးကျော်မြင့်-ဒေါ်ရင်မာ၊ (ဦးမောင်မောင်)-ဒေါ်ခင်နုအေး၊ ဦးအေးညို၊ ဦးဝင်းလှိုင်-ဒေါ်ငွေးဝင်းတို့၏ အစ်မ၊ ဒေါ်မိမိလှိုင်၊ ဦးညီညီနိုင်-ဒေါ်ထားထားလှိုင် (ပြည်ပငွေကောက်ခံရေးဌာန)၊ ဦးဝင်းထိုက်လှိုင်(သစ်ထုတ်ရေးဌာန)-ဒေါ်ဝေဝေခိုင်၊ ဦးမင်းထိုက်လှိုင်(တင်ဝင်းထွန်းကုမ္ပဏီ)-ဒေါ်သဥ္ဇာငွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဟိန်းဆက်နိုင်၊ မောင်ဉာဏ်လင်းထိုက်၊ မောင်ဉာဏ်မင်းပြည့်စုံ၊ မပြည့်မှူးခင်တို့၏အဘွားသည် ၂၇-၃-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းသိန်းငွေး (ငါးသိုင်းချောင်း)
### အသက် (၈၃) နှစ်

စိန်ဂေဟာထရေးဒင်းကုမ္ပဏီလုပ်ငန်းခွဲများဖြစ်သည့် DL. Distibution နှင့် LIBY အဆင့်မြင့် ဆပ်ပြာမှုန့်ဖြန့်ချိရေး အရောင်းမန်နေဂျာ ဦးစိုးသိမ်း-ဒေါ်ခိုင်ခိုင်အောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်ဖြစ်သူ ဒေါ်သိန်းသိန်းငွေး အသက်(၈၃)နှစ်သည် ၂၇-၃-၂၀၁၈ ရက် ည ၁၁း၀၂ နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုအားလုံးနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**LIBY Co., Ltd ဒါရိုက်တာနှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းသိန်းငွေး (ငါးသိုင်းချောင်း)
### အသက် (၈၃) နှစ်

ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ Siam Hitachi Elevator Company မှ မရည်မွန်အောင် Engineer (VEC & design department)၏ အဘွားဖြစ်သူ ဒေါ်သိန်းသိန်းငွေး အသက်(၈၃)နှစ်သည် ၂၇-၃-၂၀၁၈ ရက် ည ၁၁း၀၂ နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Mr. Songchai Priangprom နှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်စော
### အသက်(၇၄)နှစ်

ကပ္ပတိန်ထွန်းထွန်းဦး-DPA(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၏ ချစ်လှစွာသော မိခင်၊ ဦးထွန်းသွင်၏ ဇနီး ဒေါ်ကျင်စော အသက်(၇၄)နှစ်သည် ၂၇-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရေကြောင်းအရာရှိချုပ်**
**ရေကြောင်းဌာနဝန်ထမ်းများနှင့် ရေယာဉ်မှူးများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြူကြူဝင်း
### အသက်(၇၄)နှစ်
**အထပြ(ငြိမ်း)၊ အထက(၄)သန်လျင်၊ အထက(၄)အလုံ**

85-95 IM(1)မှ သူငယ်ချင်း ဒေါက်တာကျော်အုန်းနိုင်နှင့် ဒေါက်တာတင်မိုးသွယ်တို့၏မိခင်ကြီး ဒေါ်ကြူကြူဝင်းသည် ၂၇-၃-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁) 85-95 Batch မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဟန်သိန်း(ထားဝယ်မြို့)
### အသက် (၅၂) နှစ်

အတန်းဖော်သူငယ်ချင်း ဒေါက်တာဟန်သိန်း ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၅ အတန်းဖော်သူငယ်ချင်းများ၊**
**ဆေးတက္ကသိုလ်(၂) ရန်ကုန်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းသိန်းငွေး (ငါးသိုင်းချောင်း)
### အသက် (၈၃) နှစ်

ငါးသိုင်းချောင်းမြို့နေ (ဦးမောင်ဟန်-ဒေါ်စောရင်)တို့၏သမီး၊ သထုံမြို့နေ (ဦးလှအောင်-ဒေါ်သန်းတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၁)လမ်း၊ အမှတ်(၁၀၉၅-ခ)နေ (ဦးအောင်တင်)၏ဇနီး၊ (ဦးသိန်းကျော်)၊ (ဒေါ်ခင်တင့်)၊ (ဒေါ်ကျင်ဆင့်)၊ (ဦးထွန်းလှအောင်)တို့၏ ညီမထွေး၊ ဦးတိုးလှိုင်(ရေနံဓာတု-ငြိမ်း)-ဒေါ်နိုင်နိုင် အောင်(ရေနံသယ်ဖြန့်)၊ ဦးစိုးသိမ်း(စိန်ဂေဟာ)-ဒေါ်ခိုင်ခိုင်အောင်၊ ဦးဘုန်းလွင်-ဒေါ်မြတ်မြတ်အောင်၊ ဦးမိုးညွန့်အောင် (Treasure Ivory Construction Co., Ltd.)-ဒေါ်ချောစုဝင်း၊ ဦးမိုးမြင့်အောင်(2nd Mate FG)-ဒေါ်မျိုးမြတ်မြတ်ရှိန်၊ ဦးအောင်သူမိုး (Treasure Ivory Construction Co., Ltd.)-ဒေါ်သန်းသန်းကျင်၊ ဦးစိုင်းလင်းအောင် (Treasure Ivory Construction Co., Ltd.)-ဒေါ်တင်မိုးမတို့၏မိခင်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၂၇-၃-၂၀၁၈ရက် ည ၂၃း၀၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈(တနင်္လာနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းရည်(မြန်အောင်) (၈၂)နှစ်
**လ. ဝ. က ဦးစီးအရာရှိ(ငြိမ်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ကန္ဒနီလာလမ်း၊ အမှတ်(၂၁)၊ ပ-ထပ်နေ (ဦးဘုန်းမို-ဒေါ်စိန်မေ)တို့၏သားလတ်၊ (ဦးတင့်-ဒေါ်ဖွားညွန့်)တို့၏သားသမက်၊ (ဦးဝင်းကြည်-ဒေါ်ခင်သန်းငွေး)တို့၏ညီ၊ ဦးမြင့်အောင်-(ဒေါ်ကြည်ကြည်အေး)တို့၏အစ်ကို၊ ဒေါ်အမာတင်၏ခင်ပွန်း၊ ဦးဇေယျာဦး-ဒေါ်ရီရီသိန်း၊ ဦးတင်အောင်ဝင်း-ဒေါ်မျိုးမမဝင်း၊ ဦးတင်ထွဋ်ဝင်း-ဒေါ်မြင့်မြင့်ဝင်း၊ ဦးတင်မျိုးဝင်း-ဒေါ်သင်းသင်းထွေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၈-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြည် အသက်(၈၀)
**(ကျိုက်ထိုမြို့)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၁)၊ သုံးလွှာ(ခေါင်းရင်းခန်း)နေ [ဦးမြ-ဒေါ်ငွေခင်(ကျိုက်ထို)]တို့၏ သား၊ (ဒေါ်မြင့်မြင့်သန်း)၏ ခင်ပွန်း၊ ဦးထိန်အောင်လင်း-ဒေါ်ခင် ခင်မြင့်၊ ဦးဆန်းလွင်၊ ဦးကျော်ဇော-ဒေါ်အေးအေးဝင်းတို့၏ဖခင်၊ ကိုနေလင်းထွန်း၊ မခင်ပြည့်စုံထွန်း၊ ကိုညီထွဋ်လွင်၊ မတင်နီလာဝင်း၊ မကြေးမုံလွင်တို့၏ ချစ်လှစွာသောအဘိုး ဦးကြည်သည် ၂၇-၃-၂၀၁၈ (အင်္ဂါနေ့) ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ကျင်စော (၇၄)နှစ်
**အသင်းဝင်အမှတ်-၂၀၇**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၂၇)လမ်း၊ အမှတ်(၂၄၃/ခ)နေ ဦးထွန်းသွင်၏ ဇနီး သည် ၂၇-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

## ဦးအောင်လင်းဦး
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ်(၇)နေ (ဦးထင်လင်း-ဒေါ်ခင်ဥ)တို့၏ သားကြီး၊ (ဦးဉာဏ်နိုင်)၊ (ဦးဝင်းမောင်)၊ ဒေါ်ခင်သီတာတို့၏ အစ်ကို၊ ဒေါ်ခင်နှင်းရီ၏ခင်ပွန်း၊ မောင်အောင်မင်းလတ်(ခ)အောင်ကျော်ဇော၊ မောင်ဝင်းသက်ဦး၊ မအေးမြနန္ဒာတို့၏ မွေးသဖခင်သည် ၂၇-၃-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး

## ဒေါ်မြသိန်း (၇၇)နှစ်
**ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)(ငြိမ်း)**

ရန်ကုန်မြို့၊ (ခ/၃-က)၊ (၁)လမ်း၊ (၁)ရပ်ကွက်၊ သမိုင်းမြို့သစ်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘစိန်-ဒေါ်ညှာ-ဒေါ်သန်း)တို့၏ သမီး၊ ဒေါ်ကျင်လှိုင်၊ ဒေါ်အုန်းကျင်၊ (ဦးမြင့်ဆွေ-ဒေါ်အုန်းတင်)၊ (ဦးခင်မောင်)-ဒေါ်အုန်းကျင်၊ (ဦးကြည်ရှိန် - ဒေါ်တင်အောင်)၊ (ဦးအောင်ကြည်)-ဒေါ်သန်းသန်းဆွေတို့၏ ညီမ၊ (ဦးတင်မြင့်-ဒေါ်တင်တင်)၊ ဦးမြင့်သောင်း-ဒေါ်ငွေယဉ်တို့၏ အစ်မ၊ တူ/တူမ ၁၆ ယောက်တို့၏အဒေါ်သည် ၂၇-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် အမှတ် (ခ/၃-က)၊ (၁)လမ်း၊ (၁)ရပ်ကွက်၊ သမိုင်းမြို့သစ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ယဉ်ဝင်း အသက်(၆၀)
**အလပြ(ငြိမ်း) အထက-၂၊ သာကေတ**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈) ရပ်ကွက်၊ နဝရတ် (၃)လမ်း၊ အမှတ် (၃၄၄)နေ (ဦးဝိုင်း-ဒေါ်တင်)တို့၏ သမီးထွေး၊ (ဦးမောင်မြင့်)-ဒေါ်ခင်ဝ၊ (ဦးတင်ရှိန်-ဒေါ်ခင်စန်း)၊ (ဒေါ်အုန်းမြင့်)၊ ဒေါ်မေစီ၊ ဒေါ်မြဝင်း (အလပြ-ငြိမ်း၊ အမက-၂၄၊ သာကေတ)တို့၏ ညီမ၊ [ဦးဘွန်ဟော (အလပြ-ငြိမ်း၊ အထက-၂၊ သာကေတ)]၏ဇနီး၊ မခင်စုစုဝင်း (အင်/ယာ၊ ပြည်မဟာ Co., Ltd.)တို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသမိခင်ကြီး၊ တူ/တူမ ၁၄ ယောက်တို့၏ အဒေါ် ဒေါ်ယဉ်ဝင်းသည် ၂၈-၃-၂၀၁၈ ရက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၈ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတိုင်ကီ ဒါယကာကြီး

## ဦးရွှေမြထွန်း (၇၆)နှစ်
**မြောက်ဦး၊ စစ်တွေ၊ ရန်ကုန်**

မြောက်ဦးမြို့တောင်ရပ်၊ ရပ်ကွက်နေ [ဦးမောင်စောဦး(ဆင်ကာ)-ဒေါ်ဒါလုခိုင်]တို့၏သားကြီး၊ ရန်ကုန်မြို့၊ (၁၂)လမ်းနေ (ဦးလွန်းဦး၊ ဒေါ်စိန်မြခိုင်)တို့၏ သားသမက်၊ လှိုင်မြို့နယ်၊ သီရိ(၃)လမ်းထိပ်နေ (ဒေါ်ကျော့စိန်)၏ ခင်ပွန်း၊ မအေးအေးအောင်၊ မောင်ကျော်စွာထွန်း၊ မောင်ဇော်ထွန်းလင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂၇-၃-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်အုန်း (၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုတော်ရပ်ကွက်၊ ကျိုတော်လမ်း၊ အမှတ် (၂၉)နေ (ဦးထွန်းဦး) ၏ဇနီး၊ မောင်စည်သူအောင်-မဝေနှင်းဖြူတို့၏ မိခင်၊ မနှင်းအိန္ဒြေ၏ အဘွားသည် ၂၇-၃-၂၀၁၈(အင်္ဂါနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်ခံယူခြင်း

## အလ်ဟာဂျ်မော်လဝီစယဒ် မိုအီနွဒ္ဒီန်းဟစန်(ခ) ဦးအောင်နိုင်ဦး (၄၅)နှစ်
**B.E(Mechanical) Master of Aerospace Tecnology(U.K)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၃၇)၊ ဒုတိယထပ်နေ [အလ်ဟာဂျ်မော်လာနာ၊ ဟာဖိဇ်စယဒ်နူးရှုလ်အဇီမ်း(ခ) ဆရာကြီးဦးသန်းရွှေ] - ဟာဂျီမဒေါ်ဟစီနာဗေဂမ်(ခ)ဒေါ်လှလှအေးတို့၏သား၊ ပျဉ်းမနားမြို့နေ ဟာဂျီအီဗရာဟင်အီစွတ်ကာကာ(ခ)ဘရီ-ဟာဂျီမဒေါ်ဟာဇရာကိုတဝါလ်တို့၏ သားသမက်၊ ရာဘီယာ(ခ)ဒေါ်ခင်မာရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီဂိုဂို(ခ)ဦးဇော်နိုင်မြင့်-ဟာဂျီမ မယ်သာဇ်စယဒ္ဒါ (ခ) ဒေါ်ဥမ္မာသန်း (Shah Brothers Group of Companies) တို့၏အစ်ကို၊ ဒေါက်တာအဇီမ်း၏တူ၊ စနားရှာဟ်၊ အာမက်ရှာဟ်၊ မိုဇမီလ်ရှာဟ်၊ မိုနဝါရ်ရှာဟ်၏ ချစ်လှစွာသောဖခင်သည် London မြို့၌ ဒေသစံတော်ချိန် မွန်းလွဲ ၁း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသည်။ မဂ်ဖိရတ်အတွက် ဒိုအာပြုပေးပါရန်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## မသီတာအောင်(ခ)ဟာလီမာဘီ
### အသက်(၄၄)နှစ်
**(B.A) သမိုင်း**

ရန်ကုန်မြို့၊ ကန်တော်လေးတောင်ပိုင်း၊ သိမ်ဖြူလမ်း၊ အမှတ်(၄၅၁)၊ မြေညီနေ ဦးဘရွှေ (သတင်းထောက် မြန်မာ့အလင်း-ငြိမ်း)-ဒေါ်ခင်လတ်လတ်တို့၏ သမီးကြီး၊ အစ္စမိုင်အင်(ခ) မင်းမင်း၏ ဇနီး၊ ခင်သော်တာရွှန်းလဲ့ (ပထမနှစ်-Eng)၊ မေပုလဲခင်၊ မေမြတ်နိုးခင်တို့၏ မွေးသမိခင်သည် ၂၄-၃-၂၀၁၈ (စနေနေ့) ညနေ ၃း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၅-၃-၂၀၁၈ (တနင်္ဂနွေနေ့) ဇဟိုရ်နမာဇ်အပြီး ရေဝေးကာဘာရ် စတန်၌ ဒါဖွာနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တနန္ဒိယ (ပဓာနနာယက)
**ပြည်နယ်သြဝါဒါစရိယဆရာတော်**
### သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်
**လွိုင်လင်မြို့-မြို့လယ်ကျောင်းတိုက်**

မန္တလေးတိုင်းဒေသကြီး၊ အမြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ထနောင်းကျင်းကျေးရွာနေ (ခမည်းတော်ဦးအေးမောင်-မယ်တော်ဒေါ်ငွေအေး)တို့မှ မွေးဖွားသည့် မွေးချင်းလေးဦးအနက် အထွေးဆုံးသားရတနာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့၊ မြို့လယ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တနန္ဒိယ ဆရာတော်ကြီးသည် ၂၆-၃-၂၀၁၈ (တနင်္လာနေ့) ည ၁၀း၄၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်အား ၇-၄-၂၀၁၈ (စနေနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ
မြို့လယ်ကျောင်းတိုက်
လွိုင်လင်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်သန်း(ခ)ဦးအတိုင်း(အုတ်ဖို)
### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂) ရပ်ကွက်၊ (၆) လမ်း၊ အမှတ်(၄၀)နေ (ဦးဖိုးခင်-ဒေါ်ကျင်မြိုင်) တို့၏သားကြီး၊ ဒေါ်မြရီ၏ခင်ပွန်း၊ မသီဂီအောင်-ဦးဇော်ဝင်းအောင်၊ ဦးဇော်မင်းအောင်၊ ဦးကျော်မိုးလွင်-ဒေါ်အိအိခိုင်၊ မစန္ဒာဝင်းတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မမေဘယ်မိုး၏အဘိုးသည် ၂၈-၃-၂၀၁၈ ရက် နံနက် ၃း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၈ (သောကြာနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လေးမြင့် (လုည်းယဉ် ဆီးတော်ဖီလုပ်ငန်း)
### အသက်(၈၀)

(ဦးသံတိုင်-ဒေါ်သိန်း)တို့၏ သမီး၊ (ဦးကြင်စိန်-ဒေါ်ခင်မြ)၊ (ဦးကာကာ-ဒေါ်သန်းတင်)၊ (ဦးကြည်-ဒေါ်သန်းခင်)တို့၏ညီမ၊ ဦးနေလင်း-ဒေါ်ခင်မြင့်ကြည်၊ ဦးမြင့်သောင်း၊ ဦးသောင်းလင်း-ဒေါ်တင်တင်ဝင်း၊ ဒေါ်သူဇာတို့၏ မိခင်၊ မောင်ဇာနည်နေဦး-မသဲမွန်ဦး၊ မဟေမာန်နှင်း၊ မသိမ့်သိမ့်ရွှေစင်တို့၏ အဘွား၊ မောင်ဇဗ္ဗူလင်း၏ဘွားဘွား၊ မန္တလေးမြို့၊ (၈၆×၈၇)လမ်းကြား၊ (၁၆×၁၇)လမ်းကြား၊ အကွက်အမှတ်(၆၂)နေ [ဦးကြည်(ခ)ဦးမောင်ကြည်]၏ဇနီးသည် ၂၇-၃-၂၀၁၈ (အင်္ဂါနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစုမီ(ထားဝယ်) အသက်(၇၀)
**B.Sc (Botany)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၃၁၁) မြေညီထပ်နေ ဦးအဝမ်-ဒေါ်မေချစ်တို့၏သား၊ ဦးအဟန်-ဒေါ်ညီးစိန်တို့၏ သားသမက်၊ ဒေါ်ယဉ်ယဉ်ချို၏ ချစ်လှစွာသောခင်ပွန်း၊ ကိုတာရာလွင်၊ ကိုကျော်လင်းထွန်း-မပန်းအိဖြူ ကိုသူရဟိန်း၊ ကိုစည်သူဟိန်းတို့၏ဖခင်၊ မောင် Orlardo ၏အဘိုးသည် ၂၇-၃-၂၀၁၈ရက် ည ၁၀း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၈(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်ဖူကျန့်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစုမီ(ထားဝယ်)
### အသက် (၇၀)

ထားဝယ်မြို့နေ (ဦးအဝမ်-ဒေါ်မေချစ်)တို့၏ သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် (၂၄)၊ မြေညီထပ်နေ ဦးကြည်လင်-ဒေါ်ကြည်၊ ဒေါ်ကြည်မို၊ (ဦးခင်ဟုတ်)-ဒေါ်ကြည်ငါတို့၏ ညီ/မောင်၊ ဒေါ်ကြူမွှေး၊ (ဦးစိုးဝင်း)-ဒေါ်ဂင်ကြွယ်၊ ဦးအင်စိုင်-ဒေါ်ဂင်စု၊ ဒေါ်သိန်းစုတို့၏ အစ်ကိုသည် ၂၇-၃-၂၀၁၈ရက် ည ၁၀း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၈(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန် ဖူကျန့်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးညွန့်ဦး (၆၆)နှစ်
**ရဲမှူး(ငြိမ်း) သူရ-၁၀**

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ စစ်တောင်း(၁၅)လမ်း၊ အမှတ်(၂၁၇၅၄)နေ ဒေါ်ဝင်းဝင်းငွေး၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးသက်ဦး (ခမရ-၄၁၆)-ဒေါ်မော်မော်ဦး၊ ဒုရဲအုပ်မင်းသက်ခိုင်(ငြိမ်း)၊ မောင်မျိုးမင်းဦး (လ-ဝ-က)-ဒေါ်ချစ်သဲညှာ (စာရင်းကိုင်-၃၊ လျှပ်စစ်)၊ မောင်ထွန်းလင်းအောင်(မထသ-အဝေးပြေး)-မကေခိုင်မျိုး(အလပြ၊ ရွာတော်)၊ ဗိုလ်ကြီးအောင်မျိုးငွေး(ကပစ-၁၈)၊ မမျိုးသဥ္ဇာ (ဒု-လက်ထောက်ကွန်ပျူတာ၊ ရှေ့နေချုပ်ရုံး)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၇-၃-၂၀၁၈ရက် ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မြင့် (၆၅)နှစ်
**(OILER)**

ရန်ကုန်မြို့၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၆၉)၊ ငါးလွှာနေ (ဦးကျော်ရှိန်)-ဒေါ်လှကြည်တို့၏ သား၊ (ဦးလှမြင့်)-ဒေါ်ခင်ထွေးရီတို့၏ ညီ၊ ဗိုလ်မှူးဝင်းမြင့်(ငြိမ်း)-ဒေါ်စန္ဒာဝင်းတို့၏ အစ်ကို၊ ဒေါ်အေးမွန်ကြွယ်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းထွဋ်ကျော်-မဝင့်မွန်မြင့်၊ ကိုသူရိန်လင်းတို့၏ မွေးသဖခင်၊ မောင်သော်ဇင်ဝင်းထွဋ်၏ အဘိုးသည် ၂၇-၃-၂၀၁၈ရက် မွန်းလွဲ ၁း၀၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကျင်းပနိုင်ရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကျင်းပနိုင်ရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကား ပြောကြားစဉ်။

**နေပြည်တော် မတ် ၂၈**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ ကျင်းပနိုင်ရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေ၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး များဖြစ်ကြသည့် ဗိုလ်ချုပ်အောင်စိုးနှင့် ဦးဆက်အောင်၊ ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေး သည် ၂၀၁၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမ ဆုံးအကြိမ် လက်ခံကျင်းပမည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ (17th Congress of Southeast Asian Librarians-CONSAL XVII)နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

# မြစ်ကြီးနားမြို့သည် အချိန်မရွေးငလျင်ဖြစ်ပေါ်နိုင်ပြီး ငလျင်ဒဏ်ခံရနိုင်သည့် အနေအထားရှိ

**မြစ်ကြီးနား မတ် ၂၈**

မြစ်ကြီးနားမြို့သည် အချိန်မရွေးငလျင်ဖြစ်ပေါ်နိုင်ပြီး ငလျင်ဒဏ်ခံရနိုင်သည့် အနေအထားတွင်ရှိကြောင်း ကချင်ပြည်နယ်၏ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ငလျင်အများစုသည် အနောက်ရိုးမ ဒေသ၊ စစ်ကိုင်းပြတ်ရွေ့ဒေသနှင့် အရှေ့မြောက်ပိုင်း ဒေသစသည့် နေရာသုံးခုတွင် အဖြစ်များနေကြောင်း တွေ့ရှိရပြီး ကချင်ပြည်နယ်သည် ပဲခူး၊ တောင်ငူအပိုင်း၊ စစ်ကိုင်း၊ တကောင်းအပိုင်းနှင့်မြစ်ကြီးနား၊ ပူတာအိုစသည့် တောင်မှမြောက်သို့ သွယ်တန်းနေသည့် စစ်ကိုင်းပြတ်ရွေ့ ကြောပေါ်တွင် တည်ရှိနေခြင်းကြောင့် ငလျင်ဒဏ်ခံရနိုင်သည့် အနေအထားတွင်ရှိနေကြောင်း သိရသည်။

"မြစ်ကြီးနားမြို့က ကမ္ဘာ့ငလျင်ကြောကြီးပေါ်မှာ စစ်ကိုင်းပြတ်ရွေ့ဆိုတဲ့ ကျောက်ဖျာကြီးပေါ်မှာ ရှိနေတာဆိုတော့ အချိန်မရွေးငလျင်လှုပ်ခတ်တာ ခံစားရနိုင်ပါတယ်၊ ငလျင်လှုပ်နိုင်တဲ့ မြို့တွေထဲမှာ မြစ်ကြီးနားမြို့ ပါပါတယ်၊ ကမ္ဘာမြေကြီးအောက်ထဲက ကျောက်ဖျာတွေက ရွေ့သွားတဲ့အခါတို့၊ ရှပ်ထိသွားတဲ့အခါတို့မှာ ငလျင်လှုပ်ပါတယ်၊ ငလျင်လှုပ်မှာကို ကြိုတင်မသိနိုင်ပေမယ့် တော်လည်းသံတို့ အလင်းဖြာထွက်သွားတာတို့ တွင်းအောင်းတိရစ္ဆာန် အုပ်စုလိုက်အလန့်တကြား ထွက်လာတာတို့တွေက ငလျင်လှုပ်တော့မယ်ဆိုတဲ့ ကြိုတင်နိမိတ်တွေအဖြစ် သိနိုင်ပါတယ်"ဟု **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**



မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်စဉ်။

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

